# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 24 June 2026 ၁၂၂၁၉


### ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထား

## လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လို

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဒုတိယသမ္မတများဖြစ်ကြသည့်ဦးညိုစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရရှိရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အဂတိကင်းစင်ရန် လိုအပ်

ရန်ကုန် ဇွန် ၂၃

နိုင်ငံတကာ ခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိစေရန်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၌ အဂတိတရားကင်းစင်ရန် လိုအပ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက ပြောသည်။ စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ○

### ယနေ့မိုးလေဝသ (၂၄-၆-၂၀၂၆)

နေပြည်တော်နှင့် အနီးတစ်ဝိုက် → မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် → မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် → မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။


ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ
စာမျက်နှာ » ၆

ကုလသမဂ္ဂ၏ စွက်ဖက်မှုနှင့် လစ်ဟာမှုများ
ဆောင်းပါး စာမျက်နှာ » ၉

ရန်ကုန်မြို့ရှိ အများပြည်သူဆိုင်ရာ အဆောက်အအုံများ၏ ငလျင်နှင့် သဘာဝဘေးအန္တရာယ်ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများ ဇူလိုင် ၁ ရက်တွင် စတင်မည်
စာမျက်နှာ » ၁၁


### ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

နေပြည်တော် ဇွန် ၂၃

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့"အဖြစ် ၂၀၁၇ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

### အောင်လံမြို့နယ် ဒုရင်ဗိုလ်ကျေးရွာအုပ်စု၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

အောင်လံ ဇွန် ၂၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ဒုရင်ဗိုလ်လျှပ်စစ်မြစ်ရေတင် ရေသောက်စနစ်ဧရိယာအတွင်း နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ စာမျက်နှာ ၄ ကော်လံ ၃ သို့ ●



### ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံ ရွှေစာရံ-အောင်ပင်လယ် ဓာတ်အားလိုင်း Switchbay ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖



### ချောင်းဆုံမြို့နယ်၌ တောင်သူများအား ရိုဘတ်စတာ ကော်ဖီပျိုးပင်များ ပေးအပ်

ချောင်းဆုံ ဇွန် ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ရိုဘတ်စတာကော်ဖီပျိုးပင်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

ကြေးမုံ

# မြန်မာနိုင်ငံအပေါ်စွပ်စွဲပြောဆိုမှုများ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့်ကွာခြား

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံအသိုက်အဝန်း ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းနိုင်ငံများနှင့် တက်ကြွစွာ လက်တွဲဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်လျက်ရှိသည်။ မကြာသေးမီက အိမ်နီးချင်းနိုင်ငံကြီးများဖြစ်ကြသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးသွားရောက်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အရှေ့ဘက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ အနောက်ဘက်တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း မပြတ်ထိတွေ့ဆက်ဆံလျက်ရှိသည်။ ဇွန်လ ၂၂ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးအား တိုးမြှင့်ထူထောင်ထားနိုင်သည်ကို အထင်အရှားတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘင်းမ်စတက်အဖွဲ့၏ မူလအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် (Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation–BIMSTEC) ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည်။ ဘင်းမ်စတက်ကို ဘင်္ဂလားပင်လယ်အော်အတွင်း နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘင်းမ်စတက်၏ လက်ရှိပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ ခုနစ်ခုရှိသည့်အနက် မြန်မာနိုင်ငံသည် “လယ်ယာစိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ” ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူ ထမ်းဆောင်ရမည်ဖြစ်သည်။

ဘင်းမ်စတက်အဖွဲ့ကြီးကို စတင်ထူထောင်လာခဲ့သည်မှာ လာမည့်နှစ်တွင် နှစ် ၃၀ ပြည့်မြောက်တော့မည်ဖြစ်သည်။ ထိုကာလတွင် မြန်မာနိုင်ငံက ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သလို တာဝန်ထမ်းဆောင်ချိန်၌ အဖွဲ့ဝင်နိုင်ငံများကြားတွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်သည်။ အဖွဲ့ကြီးကို ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အောင်မြင်မှုမှတ်တမ်းများလည်း များစွာရှိပြီးဖြစ်သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အနာဂတ်စာမျက်နှာသစ်ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း၌လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နံပါတ် ၁ နေရာတွင်ရှိနေသည်။ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် တက်တက်ကြွကြွ ရှင်းရှင်းလင်းလင်း ဆောင်ရွက်မှုများကို နိုင်ငံအများစုက လက်ခံအသိအမှတ်ပြုထားကြသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိနေချိန်တွင် ကမ္ဘာ့နိုင်ငံများကို ကိုယ်စားပြုသည့်၊ တရားမျှတမှုနှင့် ဘက်မလိုက်မှုအခြေခံမူဝါဒရှိသည့် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အလာမပျက် စွပ်စွဲပုတ်ခတ်မှုများ ပြုလုပ်နေသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျစ်လျူရှု၍ ၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အလွတ်သဘောရှင်းလင်းမှုတွင် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော၊ တစ်ဖက်စောင်းနင်းဖြစ်စေသော စွပ်စွဲချက်များကို ချဲ့ကားတင်ပြသွားသည်ကို တွေ့ရသည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ မြေပြင်ပကတိ ဖြစ်ပေါ်တိုးတက်မှုများ၊ ဒီမိုကရေစီနည်းလမ်းတကျ ပေါ်ထွန်းလာသည့် အစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများနှင့်အကြမ်းဖက်သမားများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးရသည့် အခြေအနေများကို မျက်ကွယ်ပြုလျစ်လျူရှုပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အနောက်အုပ်စု၏ လုပ်ကြံဖန်တီးမှုများကိုအခြေခံ၍ အစဉ်အလာမပျက် ထုတ်ပြန်နေသော အစီရင်ခံစာများနှင့် ပြောကြားချက်များသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများနှင့် ကင်းကွာနေပြီး ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်မလိုက်မှု၊ ဂုဏ်သိက္ခာရှိမှုတို့နှင့်ပတ်သက်၍ မေးခွန်းထုတ်စရာဖြစ်နေပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ ကြည်ကြည်သန်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံညာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၂) ဦးဇော်ဇော်အေး | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## (၂၃-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈ ~ ၃၆၆၅ | ၅၅၈.၂ ~ ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၄,၉၄၃,၇၉၅.၆၄ | ၂၅,၇၄၂,၆၂၀.၄၁ | ၁၃၇,၇၈၂,၃၂၅.၉၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၆၀ သန်းကို ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၃ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ – ၆ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၆,၅၀၀ | ၁၆,၀၀၀ | ၃၈၉ | ၆,၃၃၇,၀၀၀ |
| MTSH | ၈,၉၀၀ | ၈,၈၀၀ | ၅,၅၀၄ | ၄၈,၈၃၃,၆၀၀ |
| MCB | ၁၂,၅၀၀ | ၁၂,၅၀၀ | ၀ | ၀ |
| FPB | ၇,၄၀၀ | ၇,၃၀၀ | ၁,၁၅၄ | ၈,၄၇၄,၇၀၀ |
| TMH | ၃,၆၀၀ | ၃,၆၀၀ | ၄၆၀ | ၁,၆၅၆,၀၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၃,၀၀၃ | ၅,၉၅၅,၆၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁,၂၅၈ | ၅,၀၃၂,၀၀၀ |
| MAEX | ၆,၃၀၀ | ၆,၁၀၀ | ၁,၂၈၇ | ၇,၈၈၄,၂၀၀ |
| MADPL(PLB) | ၇,၀၀၀ | ၇,၀၀၀ | ၈ | ၅၆,၉၀၀ |
| ASPGB(PLB) | ၆၈,၀၀၀ | ၆၇,၀၀၀ | ၁၂၆ | ၈,၅၆၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဝင်းနိုင်
စာတည်းမှူး – အေးဝမ်းစိုး
စာတည်းများ – စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် – အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ – ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ – အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန – ဇင်မာဝင့်
စာပြင် – ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **အလုပ်လုပ်ချင်စိတ်သည် လူတိုင်းနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်သဖြင့် နိုင်ငံတော်မှ အလုပ်အကိုင်အခွင့်အလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်**

☆ **အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်တတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်သဖြင့် လိုအပ်သည်များကို သင်ကြားပြသပေးရန်လို**

☆ **အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများမှ စတင်၍ စနစ်တကျသင်ကြားပေးရန်လို**

☆ **မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များရှိနေသေးသဖြင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

☆ **နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်သွားကြရန်လို**

☆ **အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်ရှိစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ပေးရန်လို၊ သို့မှသာ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်**

☆ ရှေ့ဖုံးမှ

**တိုင်းပြည်သာယာဝပြောရေးအတွက် အားလုံးပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းပြည်သာယာဝပြောရေးအတွက် နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားလုံးပူးပေါင်း၍ လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် ကဏ္ဍအလိုက် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုလာမည့်ဘဏ္ဍာနှစ်အတွင်း ပညာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများအဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

**လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲ ကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို**

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းနေဆဲပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်လဆန်းပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး မကြာမီရက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် သွားရောက်ခဲ့ကြောင်း၊ ထိုသို့ခရီးစဉ်များသွားရောက်စဉ် မိမိတို့နိုင်ငံတွင် ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များရရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲ ကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများစွမ်းအားပြည့် လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် သွင်းအားစုများရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်လိုကြောင်း၊ အလုပ်လုပ်ချင်စိတ်သည် လူတိုင်းနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်သဖြင့် နိုင်ငံတော်မှ အလုပ်အကိုင်အခွင့်အလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်တတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်သဖြင့် လိုအပ်သည်များကို သင်ကြားပြသပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ အားလုံးလည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လို**

ယခုအခါ မိုးရာသီသို့ရောက်ရှိပြီဖြစ်သဖြင့် စိုက်ပျိုးရန် သတ်မှတ်ထားသည့် သီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်(၄)ချက်ကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိမှသာ အထွက်နှုန်းများတိုးတက်လာမည်ဖြစ်သဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာနှင့် သဘာဝဓာတ်မြေသြဇာတို့ကို စနစ်တကျထည့်သွင်း ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုပြီး နည်းစနစ်တကျ စိုက်ပျိုးရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရန် သတ်မှတ်ထားသည့် သီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ကျွဲ၊ နွားများကို တရားမဝင် တင်ပို့ခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွဲ၊ နွားများ ရှားပါးလာသည်ကို တွေ့ရှိရကြောင်း၊ ကျွဲနှင့်နွားများ ရှားပါးလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများပိုမိုတိုးတက်မွေးမြူနိုင်ရေး မွေးမြူရေးဇုန်များဖြင့် တစ်အုပ်တစ်မ မွေးမြူဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နို့စားနွားများကို ပါ ထည့်သွင်းမွေးမြူသွားရန်လိုကြောင်း၊ အလားတူ ဒေသအလိုက် စားသောက်ရေးကို အထောက်အကူပြုစေမည့် ကြက်၊ ဝက်၊ ဆိတ်နှင့် ငါးတို့ကိုလည်း တိုးတက်မွေးမြူသွားကြရန်လိုကြောင်း။

**စိုက်ပျိုးရေးနှင့်မွေးမြူရေး ပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်**

ပညာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းအပ်နှံမှုများမှာ ၇ သန်း ၂ သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ KG+9 အထိသင်ကြားမည်ဆိုပါက ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ဘဝရပ်တည်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းမှ စတင်၍ စိုက်ပျိုးမွေးမြူရေး အခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကြွယ်ဝလာစေရေး အတွက် ကျောင်းနေရာခိုင်နှုန်းများမြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးဖြင့် အချို့အခြေခံပညာကျောင်းများကို ဖျက်သိမ်းခြင်းနှင့် အချို့ကို ပေါင်းစည်းသင်ကြားခြင်းများဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ နယ်မြေလုံခြုံမှုရှိသည့် ဒေသများမှ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းသား ကျောင်းသူများ အပြည့်အဝတက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းများ အဆင့်မြှင့်တင်လိုခြင်းနှင့် ပတ်သက်၍ ဒေသရှိကျောင်းတက်ရောက်သင်ကြားနိုင်မည့် ကျောင်းနေအရွယ်ကလေးငယ်များ၏ လူဦးရေအချိုးနှင့် တွက်ချက်၍ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းများအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာတွင် သင်ကြားရေးဝန်ထမ်း လိုအပ်ချက်များ၊ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်း စီမံဆောင်ရွက်ရသည်ဖြစ်သဖြင့် စနစ်တကျ တွက်ချက်ပြီးမှသာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်**

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများမှ စတင်၍ စနစ်တကျသင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် အားကစားတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန် အတွက် ကာယနည်းပြဆရာများ၊ အားကစားနည်းပြဆရာများဖြင့် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်အလိုက် အားကစားပြိုင်ပွဲများကို စနစ်တကျဖြင့် ကျင်းပပြုလုပ်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များ ရှိနေသေးသဖြင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း၊ အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်ရှိစေရေး အတွက်လည်း စဉ်းစားဆောင်ရွက်ပေးရန် လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**လျှပ်စစ်ဓာတ်အားများအား စနစ်တကျသုံးစွဲရန်လို**

လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲနေမှုများနှင့် ပတ်သက်၍ ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အပြည့်အဝ လည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် မိမိတို့နိုင်ငံနှင့် အကိုက်ညီဆုံး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပမှတင်သွင်းရန်မလိုသည့် ကျောက်မီးသွေးမှလည်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သဖြင့် မိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရန် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV) ကားများကို ပြည်တွင်း၌ပင် အစမှအဆုံး ထုတ်လုပ်ပြီး ရောင်းချနိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံး ကုန်တင်ယာဉ်များ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကိုလည်း ပြည်တွင်း၌ သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**ဒေသဝမ်းစာဖူလုံရေး**

ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊

**စာမျက်နှာ ၄ သို့ ☆**

☆ စာမျက်နှာ ၃ မှ
အကြောင်းအမျိုးမျိုးကြောင့် ဒေသဝမ်းစာဖူလုံရေးဆောင်ရွက်ရန် အခက်အခဲရှိသည့် အချို့သောဒေသများ၌လည်း ဝမ်းစာဖူလုံမှုရှိစေရေး နိုင်ငံတော်က တတ်နိုင်သရွေ့နည်းလမ်းရှာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲပုပ်၊ နေကြာ၊ နှမ်း၊ မြေပဲ စသည့် ဆီထွက်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းစေရေး အတွက်လည်း အလေးထားဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ပြည်သူများ၏လိုလားချက်များနှင့် မိမိတို့၏မူဝါဒ သဘောထားများ ကိုက်ညီမှုရှိစေရေး ပြည်သူများ၏ အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ အနေဖြင့် မိမိတို့ဌာနဆိုင်ရာဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုကောင်းရှိရန်လိုပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရန်လိုကြောင်း၊ မိမိတို့ကွပ်ကဲရသည့် ဝန်ထမ်းများနှင့် မိသားစုများ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ကိုယ်ရေးကိုယ်တာအခက်အခဲများနှင့် ပတ်သက်၍လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ လုပ်ကိုင်စားသောက် နေထိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို မိမိတို့ဖြေရှင်းပေးနိုင်သည့်ဘက်မှ ဖြေရှင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများ၏ လိုလားချက်ကို မှန်ကန်စွာ သိရှိနိုင်မှသာလျှင် ဖြေရှင်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ရန်လည်း လိုကြောင်း၊ အစိုးရအနေဖြင့် မိမိတို့ဖြစ်လိုသည်များကို မူဝါဒချမှတ်ဆောင်ရွက်ရသည်ဖြစ်သော်လည်း ပြည်သူများ၏ဆန္ဒကို လျစ်လျူရှုခြင်းမျိုး မဖြစ်ရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့် ကဏ္ဍအလိုက်၊ အလွှာအလိုက်လိုလားချက်များ၊ သဘောသဘာဝများ တူညီမှုရှိမည်မဟုတ်သည့်အတွက် ပြည်သူများ၏ လိုလားချက်များနှင့် မိမိတို့၏ မူဝါဒသဘောထားများ ကိုက်ညီမှုရှိစေရေး ပြည်သူများ၏ အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ ကမ္ဘာ့ MSME မှ
ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် (၁၀)ကြိမ်မြောက် အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ဆိုသည်မှာ နည်းပညာတဟုန်ထိုး တိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI)ခေတ်အတွင်း မျိုးဆက်သစ် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနား" ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင်ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေး အလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs) အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက် မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ၂၃၀ မှ
Main ထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၃၀ ကေဗွီ ရွှေစာရံ ပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း Switchbay များကို ထိန်းသိမ်းပြုပြင်ရန်နှင့် ၂၃၀ ကေဗွီ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချို့ယွင်းကြွေသီးတွဲများ လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ပြီး ဓာတ်အားပြတ် ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

● အောင်လံမှ
မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) မြို့နယ်ဦးစီးမှူးတို့ ဦးဆောင်၍ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ဒုရင်ဗိုလ်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၆၃) ဦးပိုင်အမှတ် (၈၇/၂)ရှိ ဒေသခံတောင်သူ ဦးမြင့်ဇော်၏ နွေစပါး(ဆာဖိုးသာ) စိုက်ခင်း ၂ဒသမ ၆၃ ကေရှိစံကွက်အား ဒေသခံတောင်သူ ၅၀ က ပူးပေါင်းစံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ကေလျှင် တင်း ၁၅၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်

**နောင်ချို ဇွန် ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိကြက်ဥ၊ နွားနို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော PEP ခေတ်မီနို့စားနွားမွေးမြူရေးခြံနှင့် ဥစားကြက်မွေးမြူရေးခြံများသို့ ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ၊ ကြုံတွေ့နေရသော အခက်အခဲများအပေါ် ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်သည်။



**ညှိနှိုင်းပေါင်းစပ်**

နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်သည် နောင်ချိုမြို့နယ် ခဲထိတ်ကျေးရွာရှိ နို့စားနွား ၃၇၁ ကောင် မွေးမြူထားရှိသည့် PEP ခေတ်မီနို့စားနွား မွေးမြူရေးခြံသို့လည်းကောင်း၊ နမ့်လင်းခံကျေးရွာရှိ ဥစားကြက် ကောင်ရေ ၃၈၅၀၀ မွေးမြူထားရှိသော ဒေါက်တာ ခင်သီတာကို၏ ဥစားကြက် မွေးမြူရေးခြံသို့ လည်းကောင်း ကွင်းဆင်းသွားရောက်ကာ နို့စားနွားမွေးမြူထားရှိမှုနှင့် နို့ထုတ်လုပ်နိုင်မှု ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နို့ထွက်ပစ္စည်း ကုန်ချောထုတ်လုပ်နိုင်ရေး ကြုံတွေ့နေရသော အခက်ခဲအချို့နှင့် ဥစားကြက်ကောင်ရေ တိုးမြှင့်မွေးမြူပြီး ကြက်ဥတိုးတက်မြင့်မားစွာထုတ်လုပ်နိုင်မှု အခြေအနေများအပေါ် အသေးစိတ်စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ ချောင်းဆုံမှ
ဦးစွာ မော်လမြိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က ကော်ဖီစိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ပြီး တာဝန်ရှိသူများက ကမနင်းကျေးရွာနှင့်ညောင်လန်းကျေးရွာတို့မှ တောင်သူ လေးဦးတို့အား ရိုဘတ်စတာကော်ဖီပျိုးပင် ၂၀၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

# ကျုံပျော်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ကျုံပျော် ဇွန် ၂၃**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တောချောင်းကျေးရွာအုပ်စု၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် အဖွဲ့ဝင်များသည် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ မန်ကျည်းပင် ၃၀၊ မဟော်ဂနီပင် ၃၀၊ ကျွန်းပင် ၂၀၊ ခရေ ၁၀ ပင်၊ ပိတောက် ၁၀ ပင်၊ ကံ့ကော်ပင် ၅၀နှင့် ပျဉ်းကတိုးပင် ၅၀ စုစုပေါင်းသစ်ပင် ၂၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# အင်္ဂပူမြို့နယ်၌ သမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်

**အင်္ဂပူ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အုန်းကုန်းရပ်ကွက်တွင် ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်သော သမအသင်းသား တောင်သူများထံသို့ သွင်းအားစုနှင့် မျိုးစပါးပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်က သွင်းအားစုပေးအပ်ခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာနီမောင်က မြေဩဇာများ အချိန်မှန်ထည့်သွင်းခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးအား ပြောကြားသည်။

**ပေးအပ်**

ထို့နောက် တာဝန်ရှိသူများက သမအသင်းသား တောင်သူ ၁၄၃ ဦး၏ လယ်မြေဧက ၁၃၀၀ အတွက် တစ်ကေလျှင်တန်ဖိုးငွေကျပ် ၂၅၀၀၀၀ နှင့်ညီမျှသည့် သွင်းအားစုနှင့် မျိုးစပါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများ ပြန်လည်ဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံမှ ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြားခဲ့သည်။ ထိုသို့ ပြည်တွင်းမီဒီယာများ၏မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည် -



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားစဉ်။

**Eleven Media Group အယ်ဒီတာချုပ် ဦးကျော်ဇောလင်း။** သမ္မတကြီးတို့ သမ္မတအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်တဲ့ ရက် ၁၀၀ မပြည့်မီမှာ အိန္ဒိယ၊ အခု တရုတ် နိုင်ငံကြီးနှစ်နိုင်ငံက ခေါင်းဆောင်တွေနဲ့ သမ္မတကြီးတွေ့ခွင့်ရတယ်။ ပြီးတော့ ဒါမတိုင်ခင်လည်း နိုင်ငံငါးနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေက နေပြည်တော်မှာ သမ္မတကြီးကို လာရောက်တွေ့ဆုံကြတယ်။ သိထားတဲ့အချက်အလက်တွေအရလည်း နိုင်ငံခြားရေးဝန်ကြီးတွေ၊ အခြားသံတမန်တွေက သမ္မတကြီးကိုတွေ့ဆုံဖို့ ရှိနေတာတွေ ထပ်ပြီးရှိတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ငါးနှစ်တာ သံတမန်ရေးဆိုင်ရာ အထီးကျန်မှုကနေ အခုလို ပြောင်းလဲလာတဲ့အနေအထားက မြန်မာနိုင်ငံအတွက် မြန်မာပြည်သူတွေအတွက် ဘယ်လို အပေါင်းလက္ခဏာဆောင်တဲ့အရာတွေ ဖြစ်မယ် ထင်ပါသလဲခင်ဗျာ။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေးကတော့ သက်ဆိုင်ရာနိုင်ငံတွေအတွက် အရေးပါတဲ့ကဏ္ဍမှာရှိတယ်။ သံတမန်ဆက်ဆံရေးပါ။ ခေါင်းဆောင်တွေရဲ့ဆက်ဆံရေးရှိမယ်၊ ပြီးတော့ အစိုးရချင်းဆက်ဆံရေးရှိမယ်၊ သံတမန်ရေးရာဆက်ဆံမှုရှိမယ်၊ စီးပွားရေးအရ ဆက်ဆံမှုတွေရှိမယ်၊ ကဏ္ဍပေါင်းစုံရှိတယ်။ ခုနက ခင်ဗျားမေးတဲ့ ငါးနှစ်တာကာလအတွင်းမှာ အထီးကျန်ခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့က ကြိုးစားပါတယ်။ တကယ်တော့ နိုင်ငံရေးအရ လုပ်တာပါ။ ကျွန်တော်တို့က ကျွန်တော်တို့ လက်ခံကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်ကို ခိုင်ခိုင်မာမာကျင့်သုံးမယ်ဆိုပြီး ဆုံးဖြတ်ပြီးလုပ်လာခဲ့တာပါ။ အဲဒီနိုင်ငံရေးစနစ်ကို ကောင်းကောင်းမွန်မွန် လုပ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီလိုအခြေအနေတွေ ဖြစ်လာခဲ့တာပါ။ ကျွန်တော်တို့ အခုရအောင်ပြောင်းလဲခဲ့ပြီ။ ကျွန်တော်တို့ ဒီဟာကို ခိုင်ခိုင်မာမာဖြစ်အောင် လုပ်သွားမယ်။ အဲဒါဆိုရင် နိုင်ငံတကာဆက်ဆံရေးမှာ မြန်မာနိုင်ငံရဲ့ပါဝင်မှုဟာ မူလအခြေအနေထက် ပိုကောင်းအောင် လုပ်နိုင်မယ်လို့ ကျွန်တော်ယူဆတယ်။ ခင်ဗျားခုနကမေးလိုက်တဲ့ အခြားနိုင်ငံတွေလည်း လာကြလိမ့်မယ်ဆိုတာ မှန်ပါတယ်။ လာကြဖို့လည်း ကမ်းလှမ်းထားတာရှိသလို ကျွန်တော့်ကိုလည်း လာဖို့ဖိတ်ထားတဲ့နိုင်ငံတွေလည်းရှိတယ်။ ထို့အတူပဲ နိုင်ငံခြားရေးဝန်ကြီးတို့၊ သက်ဆိုင်ရာ Counter Part ဝန်ကြီးတွေ၊ ဝန်ကြီးဌာန ဝန်ကြီးတွေ အတူတူပဲဖြစ်ကြတယ်။ နောက်တစ်ခါ အဖွဲ့အစည်းတွေ လူငယ်တွေကစပြီးတော့ ကျန်တဲ့ Institution တွေနဲ့ အမျိုးစုံပဲ ဖိတ်ကြတယ်။ ကျွန်တော်တို့ဆီလည်း လာကြတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အခွင့်အလမ်းတွေချည်းပဲဖြစ်မယ်။ ဒါကို ကျွန်တော်တို့က ကောင်းကောင်းအသုံးချရမယ်၊ မှန်မှန်ကန်ကန်လည်း အသုံးချဖို့လိုတယ်။ အဲဒီအပေါ်မှာ ရိုးရိုးသားသားလည်း အသုံးချဖို့လိုတယ်။ အမြတ်ထုတ်ဖို့တော့ သွားလုပ်လို့မရဘူး။ အမြတ်ထုတ်မယ့် ရည်ရွယ်ချက်ရှိရင် ဘယ်တော့မှမခိုင်မာဘူး။ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်လုပ်မယ်ဆိုရင် ခိုင်ခိုင်မာမာဖြစ်မယ်။ အခု ကျွန်တော်တို့သွားတဲ့ နိုင်ငံရေးစနစ်ရော၊ စီးပွားရေးစနစ်ရော တကယ်ရိုးရိုးသားသားနဲ့ တိုင်းပြည်ကောင်းအောင်လုပ်ဖို့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ နိုင်ငံတကာဆက်ဆံရေးမှာလည်း တကယ်ရိုးရိုးသားသားနဲ့ ဆက်ဆံတယ်။ ကျွန်တော်တို့က နိုင်ငံအားလုံးနဲ့ နိုင်ငံရေးမှာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးတယ်။ ဒါကတကယ့် အခိုင်မာဆုံးပဲ။ နောက်တစ်ခါ အိန္ဒိယနဲ့ တရုတ်ဆိုလို့ရှိရင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံထားတဲ့ နိုင်ငံတွေဖြစ်တယ်။ ဒါကြောင့် ဒီအပေါ်မှာအခြေခံပြီး လုပ်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ အင်မတန်ကောင်းတယ်လို့ ကျွန်တော်ပြောချင်တယ်။

**မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)။** တရုတ်နိုင်ငံရဲ့ Belt and Road Initiative နဲ့ မြန်မာနိုင်ငံရဲ့ ဒေသတွင်းချိတ်ဆက်မှု အလားအလာတွေကို ပေါင်းစပ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ တရုတ်၊ အာဆီယံနဲ့ အိန္ဒိယသမုဒ္ဒရာ ချိတ်ဆက်ပေးတဲ့ မဟာဗျူဟာမြောက် Land Bridge ကျွန်တော်တို့ ကုန်းတွင်းတံတားနိုင်ငံအဖြစ်နဲ့ ရှိမယ်လို့လည်းပြောကြပါတယ်။ အဲဒီတော့ ကုန်းတွင်း Land Bridge နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကို သမ္မတကြီးအနေနဲ့ ပိုမိုဆောင်ရွက်သွားဖို့အစီအစဉ်များ ရှိပါသလားခင်ဗျား။

**နိုင်ငံတော်သမ္မတ။** တကယ်တော့ မြန်မာနိုင်ငံက ခုန Land Bridge နိုင်ငံတင်မဟုတ်ဘူး။ တကယ့်ဆုံချက်နိုင်ငံဖြစ်နေတာပါ။ ဆုံချက်ဆိုတာမှာ တော်တော်ကိုကြီးမားတဲ့ Impact ရှိပါတယ်။ ဥပမာအားဖြင့် အိန္ဒိယသမုဒ္ဒရာဘက် သွားမယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အနောက်ဘက်က နိုင်ငံတွေ၊ အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် လမ်းစတွေပေါ်လာပြီဆိုတော့ အဲဒီအခွင့်အလမ်းတွေအများကြီးကို ကျွန်တော်တို့ အသုံးချလို့ရပါတယ်။ ဒါကတစ်ခု၊ တရုတ်နိုင်ငံအတွက်ပါ။ နောက်တစ်ခါ အိန္ဒိယနိုင်ငံဘက်က ပြန်ကြည့်ရင် အိန္ဒိယကလည်း သူတို့ဘက်က အခြေအနေပေးရင် တရုတ်ဘက်ဆက်သွယ်မှု၊ သူတို့လည်း သူတို့နယ်နိမိတ်ချိတ်ဆက်နေတဲ့ အပိုင်းတွေ ရှိတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံတွေ တရုတ်နိုင်ငံဘက်သွားမယ်ဆိုရင် competition လုပ်လို့ရတဲ့ နယ်ပယ်တွေမှာ သူတို့လုပ်ခွင့်ရှိမှာပါ။ ဒီလိုပဲအာဆီယံနိုင်ငံဆိုလည်း သူတို့သွားလို့ရမယ်။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတင်မကဘူး။ တခြားနိုင်ငံတွေကလည်း မြန်မာနိုင်ငံကိုအခြေပြုပြီးတော့ အိန္ဒိယနိုင်ငံသွားမလား၊ တရုတ်နိုင်ငံသွားမလား၊ အာဆီယံသွားမလား။ ဒါကို ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ အဲဒီလို အသုံးချနိုင်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းရေးကအရေးကြီးတယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးတည်ငြိမ်အေးချမ်းမှု၊ ပြည်သူလူထုရဲ့ဘဝတွေ တည်ငြိမ်အေးချမ်းမှု၊ ဘဝတည်ငြိမ်အေးချမ်းမှုရှိဖို့ လိုတယ်။ နိုင်ငံရေးကတစ်ပိုင်း၊ ပြည်သူလူထုရဲ့ဘဝက တစ်ပိုင်း၊ မတူဘူး၊ ကွဲပြားခြားနားပါတယ်။ ဒီလိုသာ လုပ်မယ်ဆိုရင်၊ အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်က အခြေအနေကောင်းတွေ အများကြီးရှိတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးကျော်ဇောလင်း။** သမ္မတကြီး ဒီကာလအတွင်းမှာ တွေ့ဆုံခဲ့တဲ့ နိုင်ငံကြီးနှစ်နိုင်ငံ တရုတ်ရယ်၊ အိန္ဒိယရယ်ပါ၊ သူတို့ရဲ့ purchasing power parity အရ ကျွန်တော်တို့ တရုတ်ဆိုရင် အဆင့် ကမ္ဘာ့အဆင့်တစ်၊ အိန္ဒိယဆို အဆင့်သုံးရှိပါတယ်။ သူတို့ရဲ့ ဝယ်ယူနိုင်စွမ်းအားကောင်းတဲ့ နိုင်ငံတွေ၊ အိန္ဒိယဆိုရင် အိန္ဒိယ-မြန်မာ-ထိုင်း လမ်းကြောင်းကို သူတို့ကအဓိကထားတယ်။ တရုတ်ဆိုရင် BRI ပါ။ အဲဒီတော့ ဒီလမ်းတွေ အမြန်ဆုံးဖြစ်လာဖို့ သမ္မတကြီးအနေနဲ့ ဘယ်လို အစီအစဉ်ရှိပါသလဲ။ ဒါနဲ့ဆက်စပ်ပြီးတော့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ တွေ့တဲ့အချိန်၊ မိုဒီနဲ့တွေ့တဲ့အချိန်မှာ ကျွန်တော်တို့ ဒီစီမံကိန်းကြီးတွေနဲ့ လုံခြုံရေးကိုအလေးထားဖို့ အိန္ဒိယရော တရုတ်ရော ပြောတာကို တွေ့ရပါတယ်။ အဲဒီတော့ သမ္မတကြီးတို့ အစိုးရသစ်အနေနဲ့ ဒီလုံခြုံရေးပိုင်းဆိုင်ရာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းဖို့ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** လုံခြုံရေးပိုင်းဆိုင်ရာ ကိုင်တွယ်မှုဆိုတာမှာ တရားဥပဒေစိုးမိုးရေးရှိရမှာပါ။ တရားဥပဒေစိုးမိုးရေးရှိရင် လုံခြုံရေးဆိုတာ သူ့ဟာသူဖြစ်လာမှာပါ။ တရားဥပဒေ စိုးမိုးရေးနဲ့ လုံခြုံရေးနဲ့ ဆက်စပ်သလိုပဲ တစ်ဖက်က နိုင်ငံရေးကလည်း တည်ငြိမ်အေးချမ်းမှု ရှိရတယ်။ နိုင်ငံရေးလမ်းကြောင်း မှန်ကန်လို့ရှိရင် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးက သူ့ဟာသူ အလိုလိုပါလာလိမ့်မယ်။ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုမရှိလို့ရှိရင်၊ မမျှတဘူးဖြစ်နေပြီဆိုရင် တည်ငြိမ်အေးချမ်းမှုက ပြဿနာရှိမယ်။ ဖြတ်သန်းခဲ့တဲ့သမိုင်းကြောင်းပြန်ကြည့်ပါ။ နိုင်ငံရေးကြောင့်ဖြစ်လာတဲ့ ပြဿနာတွေရှိတယ်။ ထွက်ပေါက်တွေပါ။ ကျွန်တော်တို့ အခုက ပါတီစုံဒီမိုကရေစီသွားနေတဲ့ အချိန်ပါ။ ကျွန်တော်တို့ ဒါကိုမှန်မှန်ကန်ကန်အသုံးချပြီး လုပ်မယ်ဆိုရင် စောစောကပြောတဲ့ အင်အားကြီးနှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အခွင့်အလမ်းတွေက မြန်မာနိုင်ငံကနေ Cross-border တွေပါ။ ကျွန်တော်တို့ ခုနကပြောတဲ့ သုံးနိုင်ငံ အိန္ဒိယကနေ မြန်မာ၊ မြန်မာကနေ ထိုင်း၊ အဲဒါတင်မကဘူး။ အိန္ဒိယကနေပြီးတော့ တရုတ်ကိုသွားလို့ရတယ်၊ တရုတ်ကလည်း ဒီလိုပဲ၊ ကျွန်တော်တို့ဆီကလာမယ်၊ ကျွန်တော်တို့ဆီကနေ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာဆီယံသွားမယ်။ ပြီးတော့ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကနေပြီးတော့ အနောက်ဘက်ကနိုင်ငံတွေ အကုန်လုံးသွားလို့ရတယ်။ နည်းတဲ့ ကြီးမားတဲ့အခွင့်အရေး မဟုတ်ဘူး။ နှစ်နိုင်ငံပဲကြည့်လိုက်ရင် လူဦးရေ သန်းပေါင်း ၁၂၀၀ ကျော်ရှိတဲ့ ဈေးကွက်ကြီးပါ။ သူတို့အတွက်က မြန်မာနိုင်ငံက ဈေးကွက်သေးပါတယ်။ သို့သော် မြန်မာနိုင်ငံကတော့ တကယ့်ကြီးမားတဲ့ ဈေးကွက်ကြီးပါ။ ပြောရရင်တော့ ရေကန်နဲ့သမုဒ္ဒရာ ကွာသလို ကွာခြားမှုရှိတယ်။ ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ ခုနကပြောတဲ့ တည်ငြိမ်အေးချမ်းမှုက ဘာအထောက်အကူရမလဲ၊ တည်ငြိမ်အေးချမ်းမှုရှိမှ အထောက်အကူရမှာပါ။ တည်ငြိမ်အေးချမ်းမှုမရှိရင် အထောက်အကူမရဘူး။ အဲဒီတော့ တည်ငြိမ်အေးချမ်းမှုရှိဖို့ဆိုရင် နိုင်ငံရေးက အရေးကြီးဆုံးပဲ။ နိုင်ငံရေးကို ကျွန်တော်တို့က တကယ်ခိုင်မာအောင် လုပ်ဖို့လိုတယ်။ ဒါကို ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိဖို့လိုတယ်။ ဒါပေမဲ့ နိုင်ငံရေးကို ဘယ်လောက်ပဲ ကျွန်တော်တို့က ယုံကြည်မှုရှိအောင်လုပ်ပေးပေး၊ ပြည်သူလူထုရဲ့ Concept လည်းလိုတယ်။ သူတို့ရဲ့အတွေးအခေါ်တွေ လိုက်ပါနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ပေးရမှာပါ။ ဒါက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ အများကြီးရှိတယ်။ ဒါကတစ်နှစ်၊ နှစ်နှစ်နဲ့မရောက်ဘူး။ လေး၊ ငါးနှစ်နဲ့လည်းမရောက်ဘူး။ ၁၀ နှစ်လောက်၊ ၁၅ နှစ်လောက် ကျွန်တော်တို့ကြိုးစားရမယ်။ အရေးကြီးတာကတော့ တိုင်းပြည်ပေါ်မှာ ကောင်းစေချင်တဲ့စိတ်ရှိတယ်ဆိုတဲ့ နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ပဲ။ တိုင်းပြည်ကိုကောင်းအောင်လုပ်မယ်ဆိုတဲ့ နိုင်ငံသားတိုင်း၊ ပြည်သူလူထုအားလုံးပါတယ်။ ဟိုတစ်ကွက် ဒီတစ်ကွက်၊ ဟိုလူချန်ခဲ့ ဒီလူချန်ခဲ့ လုပ်လို့မရဘူး။ အကုန်လုံးပါရမယ်။ တစ်ခုခု ပြဿနာရှိရင်၊ ခံစားချက်ရှိရင် သူတို့က ပြဿနာရှာနေမှာပါပဲ။ ပြဿနာရှာလို့ အခုလို နိုင်ငံရေး မတည်မငြိမ်မှုတွေဖြစ်တာပါ။ ပြဿနာမရှာအောင် လုပ်ဖို့ဆိုတာ ဥပဒေနဲ့ စည်းကမ်းနဲ့အညီပဲ သွားလို့ရတယ်။ လူဆိုတာ မျိုးစုံဆန္ဒရှိမယ်၊ မတူနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့က စည်းမျဉ်းစည်းကမ်း ဥပဒေနဲ့ပဲသွားရမယ်။ ဥပဒေနဲ့လုပ်ရာမှာလဲ တောင့်တောင့်တင်းတင်းကြီး လုပ်ဖို့မဟုတ်ဘူး။ Relax ဖြစ်ရမှာပါ။ ဒါကို ကျွန်တော်တို့က ပြည်သူတွေ စိတ်ချမ်းသာအောင်လုပ်ပေးရမယ်။ ပြောရမယ်ဆိုရင် ဒါကအဖြေပဲ။ ပြည်သူစိတ်ချမ်းသာအောင် လုပ်ပေးရမယ်။

**ဦးကိုကို။** ကျွန်တော်တို့ ဒီနေ့ကမ္ဘာ့အခြေအနေကို ကြည့်မယ်ဆိုရင် Multipolar world လို့ခေါ်တဲ့ ဝင်ရိုးစွန်း ဝင်ရိုးစွန်းအပွားအစုံများ ပိုမိုပြီးတော့ ပေါ်လွင်လာတာ တွေ့ရပါတယ်။ အဲဒီ Multipolar world ကြောင့်လည်း နိုင်ငံငယ်လေးတွေက မိတ်ဖက်ဆက်ဆံရေးတွေ အခြားနိုင်ငံတွေနဲ့ ပိုပြီးတိုးမြှင့်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သမ္မတကြီးဆီကနေ သိချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးလာတယ်။ နှစ်နိုင်ငံရဲ့ဆက်ဆံရေးကလည်း တိုးမြှင့်လာတယ်၊ မြှင့်တင်လာတယ်။ အဲဒီ ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို အခြေခံပြီးတော့ ဒီထွန်းသစ်စပြုလာတဲ့ ကျွန်တော်တို့ Multipolar world အစီအစဉ်မှာ အခွင့်အလမ်းတွေ ဘယ်လိုမျိုးယူရနိုင်မလဲခင်ဗျာ။

**နိုင်ငံတော်သမ္မတ။** အများကြီးရှိတယ်။ ကမ္ဘာ့နိုင်ငံတွေကြည့်လိုက်ပါ၊ အကုန်လုံးကတော့ သူတို့က လိုလားချက် အကုန်ရှိကြတာချည်းပဲ။ အရင်ကတော့ Unipolar၊ Bipolar ဒီလို သွားကြတာကိုး။ Unipolar နဲ့ ဖြစ်ကြတယ်။ Unipolar မှာလည်း ခံရတယ်၊ Bipolar မှာလည်း ပြိုင်ဘက်တွေရှိတော့ ပိုပြီးတော့ ပါလာတယ်၊ ဒီပြဿနာရှိတယ်။ Multipolar ဆိုတာကတော့ ဖြစ်နိုင်လို့ရှိရင် နိုင်ငံအားလုံး နိုင်ငံနဲ့လည်း ရှိမယ်၊ Region လိုက်လည်းရှိမယ်၊ Group လိုက်လည်း ရှိမယ်။ ဒီကနေယှဉ်ပြိုင်ပြီးတော့ လုပ်လာမယ်ဆိုရင် နိုင်ငံအားလုံးတူညီတဲ့ အကျိုးခံစားရမယ်။ ဘာမှခွဲခြားမှု မရှိဘူး။ လူမျိုးရေးအရခွဲခြားမှု၊ အသားအရောင်အရ ခွဲခြားမှု၊ ဘာသာရေးအရခွဲခြားမှု၊ ဒေသအရခွဲခြားမှု ဒါတွေမရှိအောင် ကျွန်တော်တို့လုပ်ရမယ်။ ဒီလိုသာ လုပ်မယ်ဆိုရင် ကမ္ဘာကြီးက တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်မှုရှိသွားလိမ့်မယ်။ ဒါကို ကျွန်တော်တို့ အသုံးချနိုင်ဖို့လိုတယ်။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုး ဖြည့်စွက်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၆ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ်မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ်မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည် -

**ရှမ်းပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| စဝ်သာဦး | အစား | ဦးထွန်းမြင့်ဦး |
| ၁၃/တကန(နိုင်)၀၁၈၈၉၇ | | ၁၃/တကန(နိုင်)၀၄၈၀၂၇ |
| မိုင်းပန်မြို့နယ် | | မိုင်းပန်မြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ (ကျားဖြူပါတီ) | | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ (ကျားဖြူပါတီ) |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်္ဂလားဒေ့ရှ်... 



## ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်းမ်စတက် အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၃**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အားယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ အကြား စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းလေ့ကျင့်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် လက်ရှိဆောင်ရွက်နေသော အိန္ဒိယ ရူပီး/မြန်မာကျပ် တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းအား ပိုမိုအကျိုးရှိနိုင်သောကိစ္စရပ်များ အိန္ဒိယ ဗဟိုဘဏ် (Reserve Bank of India)၊ အိန္ဒိယ အမျိုးသားငွေပေးချေမှု ကော်ပိုရေးရှင်း (National Payments Corporation of India– NPCI)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် MMQR Consortium နှင့် Myanmar Payment Union (MPU) တို့ အကြား UPI QR နှင့် RuPay စနစ်များကို မြန်မာ၏ MMQR အခြေခံ အဆောက်အအုံနှင့် အပြန်အလှန် အသုံးပြုနိုင်ရေး (Interoperability) ဖော်ဆောင်ရန် ဆောင်ရွက်နေသည့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အိန္ဒိယရူပီး/ မြန်မာကျပ် နှစ်နိုင်ငံငွေလဲလှယ်ရေး (Bilateral Currency Swap Arrangement) ကို နှစ်နိုင်ငံဗဟိုဘဏ်များအကြား တည်ထောင်ရန်တို့နှင့်စပ်လျဉ်း၍ သဘောတူညီချက် မူကြမ်းရေးဆွဲနေမှုနှင့် အပြန်အလှန်အကျိုးရှိသော ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေရန် ဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတိုးမြှင့်ရေး အထူးသဖြင့် နိုင်ငံတော်သမ္မတ၏အိန္ဒိယနိုင်ငံသို့မကြာမီကသွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း နှစ်ဖက်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များအပေါ် ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်သွားရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း အပါအဝင် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် မြန်မာနိုင်ငံသို့ စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပေးအပ်သွားရေးနှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ ချောင်းကူးနှင့်မြစ်ကူးတံတားများ တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် တလုတ္တော်၊ ကရင်စု၊ အုတ်ကျင်းကျေးရွာချင်းဆက်လမ်းသည် ပေ ၄၆၂၀ ရှည်လျားပြီး ၎င်းလမ်းအား ၂၂ ပေ မြေသားတာပေါင်တိုးချဲ့ရန်နှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အဆိုပါလမ်းအရှည် ၇ ဖာလုံအား ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၂၃၄ ဒသမ ၅၆၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာသုံးရွာ၊ အိမ်ခြေ ၃၆၆ အိမ်၊ လူဦးရေ ၂၇၁၄ ဦးကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပူးပေါင်း၍ ကျေးရွာ၊ အိမ်ခြေ၊ ဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့မြောက်ဘက် ၈ မိုင်ခန့်ရှိ ဝမ်းသာ-ဟံဇား-သာဂရကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက သာစည်မြို့နယ် ဝမ်းသာ-ဟံဇား-သာဂရလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (A)အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကတ္တရာလမ်း ၂ မိုင် ၂ ဒသမ ၅၇ ဖာလုံ၊ ကျောက်ချောလမ်း ၆ မိုင် သုည ဒသမ ၉၇ ဖာလုံ၊ အမာခံလမ်း ၁ မိုင် သုည ဒသမ ၄၆ ဖာလုံ စုစုပေါင်းလမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝမ်းသာရွာနှင့် ဟံဇားရွာကြားရှိ လေးဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိနေသော အမာခံလမ်းပိုင်း ၄ ဒသမ ၄၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု နေပူရွာမှ ရွှေတချောင်းမြောင်းပေါင်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလအတွင်း သွားလာမှုအတွက် အခက်အခဲများစွာဖြစ်ရပါသဖြင့် ပြုပြင်ပေးမည့်အစီအစဉ် ရှိ၊ မရှိ**



**မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မတ္တရာမြို့နယ် နေပူကျေးရွာနှင့် ရွှေတချောင်းမြောင်းပေါင်လမ်း လမ်းအရှည် ၁ မိုင် ၂ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၃၆၁ ဒသမ ၀၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၁၂၅၃ အိမ်၊ လူဦးရေ ၅၇၆၀ ကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းသည် လက်ရှိတွင် ကျောက်ချောလမ်းအဆင့်ဖြစ်ပြီး လမ်းပြတ်တောက်မှုမရှိဘဲ ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေအပေါ်မူတည်၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ခြင်းလုပ်ငန်းကို ဦးစားပေးလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ဆက်သွယ်သွားလာနိုင်မည့် ကူးတို့လှေငယ်များဖြင့် သွားလာနေကြရသောနေရာတွင် ဇမိမြစ်ကူးတံတား(ကြာအင်းဆိပ်ကြီး)ကို ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်မတိုင်မီကာလအတွင်း သင့်လျော်မည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး) တည်ဆောက်မည်ဆိုပါက Google map တွင် တိုင်းတာချက်အရ မြစ်ကမ်းပါးနှစ်ဖက်အကွာအဝေးမှာ ပေ ၆၀၀ ခန့်ရှိပြီး ချဉ်းကပ်တံတားအပါအဝင် စုစုပေါင်းတံတားအရှည်မှာ ပေ ၂၅၀၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့်မြစ်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ နှင့် ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေ level မှ ပေ ၃၀ ခန့် အနည်းဆုံးရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ဆက်သွယ်သွားလာနိုင်မည့် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး)ကို လတ်တလောနယ်မြေအခြေအနေအရ တံတားမတည်ဆောက်မီ လိုအပ်သော ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုလုပ်ငန်းများဖြစ်သည့် တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် နယ်မြေအေးချမ်းတည်ငြိမ်လာသည့်အချိန်မှသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **ဟိုယ-တန့်ယန်းလမ်း မိုင်းရယ်မြို့နယ်အပိုင်း လွယ်ပန်တောင်ကြောအတက်အဆင်းမှ လမ်းကွေ့ငါးခုအား ကွန်ကရစ်လမ်းဖြင့် အစားထိုးပေးရန်၊ တန့်ယန်းမြို့နယ် ကတ္တရာလမ်းအား ၁၂ ပေမှ ၁၈ ပေ တိုးချဲ့ခြင်းကို ၄ မိုင်ခန့် ဆက်လက်လုပ်ဆောင်ပေးရန်နှင့် မြို့အဝင်မုခ်ဦးအနီး အောင်တော်မူစေတီမှ မြို့အတွင်း မိုင်းကောင်လမ်းအပိုင်းရှိ "ပတ္တမြား" စက်သုံးဆီဆိုင်အထိနှင့် နောင်ဖောလမ်းအပိုင်းရှိ "ပြည့်ဝ" စက်သုံးဆီဆိုင်အနီးအထိ ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဟိုယ-တန့်ယန်းလမ်းနှင့် စပ်လျဉ်းပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာမျက်နှာပြင်လွှာညှိခြင်း ၇ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်းများပြုပြင်ခြင်း ၅ ဒသမ ၇၅ ဖာလုံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွယ်ပန်တောင်ကြောအပိုင်း မတ်စောက်သော လမ်းကွေ့နေရာငါးကွေ့အား ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုယ-တန့်ယန်းလမ်း၏ တန့်ယန်းမြို့နယ်အပိုင်း ကတ္တရာလမ်းချဲ့ရန် ၇ မိုင် ၅ ဖာလုံကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုယ-တန့်ယန်းလမ်း မိုင် ၃၀(တန့်ယန်းမြို့အဝင်အောင်တော်မူစေတီ)မှ ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံအထိ ၂ မိုင် ၂ ဒသမ ၅ ဖာလုံသည် ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံမှ ၃၃ မိုင်(ထွန်းခမ်းဟော်တယ်ရှေ့)အထိ ၅ ဒသမ ၅ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းပြီး ဖြစ်ပါကြောင်း။

တန့်ယန်း- မိုင်းကောင်- တာမဆွန်လမ်း၏ တန့်ယန်းမြို့တွင်း လမ်းအပိုင်းဖြစ်သည့် (၀)မိုင် (ထွန်းခမ်းဟော်တယ်ရှေ့)မှ (ပတ္တမြားဆီဆိုင်)ရှေ့အထိ ၇ ဖာလုံမှာ ၁၈ ပေ အကျယ် လမ်းပိုင်းပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၊ ခြောက်ဖာလုံနှင့် ခုနစ်ဖာလုံကြား ကတ္တရာမျက်နှာပြင်လွှာညှိခြင်းလုပ်ငန်း၊ ၂ ဖာလုံနှင့် ၃ ဖာလုံအတွင်း ရေလည်ဘုရားရှေ့နေရာ ပေ ၅၅၀ အား ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တန့်ယန်းမြို့တွင်း လမ်းပိုင်းများအား ၂၄ ပေအကျယ် တစ်စပ်တစ်ဆက်တည်းဖြစ်စေရန် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တန့်ယန်း-နောင်ဖာလမ်း၏ မြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံမှ ၁ မိုင် ၇ ဖာလုံအထိ သုံးဖာလုံကို ပထမအဆင့်အနေဖြင့် ၁၂ ပေအကျယ်မှ ၁၈ ပေ အကျယ်သို့ ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့် (၀)မိုင်မှ ၁ မိုင် ၇ ဖာလုံအထိ ၁ မိုင် ၇ ဖာလုံအား ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာအုပ်စုတို့အား ဆက်သွယ်မည့် မှော်ဝန်းချောင်းကူးတံတားအား အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာတို့အား ဆက်သွယ်သွားလာနိုင်မည့် မှော်ဝန်းချောင်းတံတား တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် တံတားများပြုပြင်ခြင်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်တံတားများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောအနေဖြင့် မှော်ဝန်းချောင်းတံတားအား မဆောင်ရွက်သင့်သေးပါကြောင်း၊ တိုးတက်လာသည့် ခရီးသွား၊ ယာဉ်စီးရေတို့အပေါ်မူတည်ပြီးမှသာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကိုလည်း ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း (မိုးညိုမြို့နယ်အပိုင်)အား ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းခင်းရန်အတွက် ကျန်ရှိသော ၅ မိုင် ၁ ဖာလုံအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း၏ မိုးညိုမြို့နယ်အပိုင်းသည် ၁၈ ပေအကျယ်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် သတ်မှတ်အပိုင်းလိုက် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းချိုင့်ခွက်များ၊ လမ်းအနိမ့်အမြင့်ဖြစ်ပေါ်နေသည့် နေရာများအား ကျောက်ဖြည့်ခင်း၍ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်သည့်အပိုင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စုရှိ ကျေးရွာလေးရွာနှင့် မြစ်သားမြို့နယ်ကျေးရွာများတို့မှ ပြည်သူများ သွားလာနေသည့် ကင်းတားလက်ဝဲမြောင်းမကြီးသည် DY- 16 မှ ရွာဝေသွား သင်ပုန်းဆိုင်ဖွန်အထိ ယာဉ်နှစ်စီးရှောင်၍မရဘဲ သွားလာနေကြရပါသဖြင့် အကျယ်ပေ ၃၀ ကွန်ကရစ်လမ်းဖောက်လုပ်ပေးရန်နှင့် ဝမ်းတွင်း-ပင်းတလဲလမ်း ၁၄/၀ မိုင်မှာ နှစ်စဉ်ပျက်စီးမှုဖြစ်ပေါ်နေသဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကင်းတားလက်ဝဲမြောင်းမကြီးအား ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်နိုင်ရန်အတွက် လမ်းနယ်နိမိတ်အဖြစ်ရရှိနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတောင်သူများနှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးပါက ကုန်ကျစရိတ်တွက်ချက်ပြီး ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြကာ ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝမ်းတွင်း-ပင်းတလဲလမ်း၏ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် ကတ္တရာလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ကျောက်လမ်း ၈ မိုင် ၅ ဒသမ ၇ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဘုတ်ပြင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား




နေပြည်တော် ဇွန် ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းတပ်နယ်ရှိတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်က တာဝန်ယူထိန်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း။

ထို့သို့ နိုင်ငံတော်၏ တာဝန်အား တပ်မတော်က ဆောင်ရွက်ခဲ့ရမှုအပေါ် မသမာသူများ၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် ဆူပူမှုမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာသည်အထိ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် အဆိုပါအကြမ်းဖက် လုပ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်မပြိုကွဲရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ မထိပါးစေရန်အတွက် အသက်ကိုပဓာနမထားဘဲ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်အဖွဲ့အစည်းများက နိုင်ငံရေးအကြောင်းပြ၍ ဆူပူအကြမ်းဖက်မှု လုပ်ငန်းများကို လုပ်ဆောင်နေခြင်းကြောင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံအနှံ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အား အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာရန် လိုကြောင်း၊ ထိုသို့ အင်အားတောင့်တင်းခိုင်မာရန်အတွက် တပ်မတော်သားများအနေဖြင့် ခြေလျင်၊ ခြေမြန်၊ လက်ရုံးတပ်ဖွဲ့ဟူ၍ မခွဲခြားဘဲ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် သင်တန်းကျောင်းများမှ အဆင့်အလိုက် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်၍ စစ်ဆင်ရေးတာဝန်များတွင် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ အလားတူ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရန်လိုကြောင်း။

တပ်မတော်သားများ ဖြစ်သည့်အတွက် စည်းကမ်းစနစ်တကျဖြင့် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ သို့မှသာ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို တစ်ဦးတစ်ယောက်ချင်းမှစ၍ အဖွဲ့အစည်းအလိုက် ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တစ်ဦးချင်း၏ တိုက်စွမ်းရည်များ တိုးတက်နေစေရန် အမြဲမပြတ်လေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း၊ စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း အမိန့်နာခံတတ်မှုရှိပြီး ရဲဘော်စိတ်ဖြင့် ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

စစ်သည်တစ်ဦးချင်းအလိုက် မိမိတတ်ကျွမ်းရမည့် စစ်အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းအောင် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးသည့် စစ်အတတ်ပညာများကို မိမိ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရမည့်နယ်မြေ ရန်သူအပေါ် မူတည်ပြီး မြေပြင်အခြေအနေနှင့် အညီ ကိုက်ညီအောင် အသုံးချရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်အတွက် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်ရန်လိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေသည့်အနေအထိုင်၊ အစားအသောက်များကို ရှောင်ကြဉ်ကြရန်လိုကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကိုယ်ကျိုးအတွက် သာကြည့်ပြီး နိုင်ငံတော်၏ အဖိုးတန်သယံဇာတများ တရားမဝင်တူးဖော်ရောင်းချခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်းများ၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုပ်ဆောင်နေကြသဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ ကျဆင်းရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ထိခိုက်အောင် ဆောင်ရွက်နေမှုများကိုတပ်မတော်အနေဖြင့် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် မိသားစုဝင်များအနေဖြင့် ပါရမီဖြည့်ဖက်ကောင်းပီသစွာ ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သား မိသားစုဝင်များ၏ ပညာရေးနှင့် ပတ်သက်၍လည်း ပညာရည်မြှင့်တင်ရေး ပိုင်းဆိုင်ရာများကို အစဉ်မပြတ်မြှင့်တင်ပေးလျက်ရှိပြီး မိမိတို့၏ သားသမီးများ၊ မိသားစုဝင်များကို ပညာတတ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တပ်ရင်း၊ တပ်ဖွဲ့များကို ဦးစီးဦးဆောင် ပြုလုပ်ရသည့် ခေါင်းဆောင်များသည် မိဘသဖွယ်စိတ်ဓာတ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်တို့ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားကာ စေတနာထားပြီး လက်အောက်ငယ်သားများအပေါ် အမြဲစည်းလုံးညီညွတ်မှုရှိအောင် ညီညွတ်မှုတစ္စာ ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဇွန် ၂၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် ဖရူဆို-ဘောလခဲ-ဖားဆောင်း ဒေသများအတွင်း စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ဖရူဆိုမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ လွိုင်ကော်တယ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ဂုဏ်ပြုကြိုဆိုကြသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကိုပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းဘူးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

မင်းဘူး ဇွန် ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြို့နယ်အတွင်းရှိစာသင်ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့မကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့မကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တူးတူးက အမှာစကားပြောကြားသည်။

ထို့နောက် မင်းဘူးမြို့ အမှတ်(၁၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲအုပ်ရန်နိုင်ထွန်းက ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိစေရေး၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ် မဖြစ်ပွားစေရေး အသိပညာပေးဟောပြောပြီး ယာဉ်ထိန်းဝန်ထမ်းများက ယာဉ်အန္တရာယ် သတိပေးလမ်းညွှန်ချက်များ သရုပ်ပြရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# နမ့်စန်မြို့နယ်၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

နမ့်စန် ဇွန် ၂၃

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဖြင့်ဖွင့်လှစ်ခဲ့သောသင်တန်းများမှ လုပ်ငန်းထူထောင်လိုသူများအား လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ဇွန် ၁၉ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်က အမှာစကားပြောကြားကာ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုင်းနားလေးကျေးရွာ မိသားစုဝင်ငွေတိုးရေးစီမံကိန်းသင်တန်းမှ သင်တန်းသူငါးဦးအား ဆပ်ပြာမွှေးစက်အပါအဝင် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုးကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

# ကုလသမဂ္ဂ၏ စွက်ဖက်မှုနှင့် လစ်ဟာမှုများ

မောင်အေးချမ်း(နေပြည်တော်)

**မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးအခြေအနေအပေါ်မူတည်ပြီး “ဝင်ရောက်ဖျန်ဖြေခြင်း” ဟူသည့် အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂအနေဖြင့် အနောက်နိုင်ငံအုပ်စုများ၏ ကြိုးဆွဲရာအတိုင်း ကုလသမဂ္ဂယန္တရားအမျိုးမျိုးကို အသုံးပြုလျက် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ပါသည်။ ယင်းကဲ့သို့သော ကုလသမဂ္ဂယန္တရားများထဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် (UN Special Envoy) အခန်းကဏ္ဍလည်း အပါအဝင်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။**

**မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး/အထူးကိုယ်စားလှယ်ပေါ်ပေါက်လာပုံနှင့် ထိတွေ့ဆက်ဆံမှု**

အတိတ်ကိုပြန်လည် ဆန်းစစ်ရမည်ဆိုပါက ၁၉၉၀ ပြည့်လွန်နှစ်များမှစတင်၍ မြန်မာ့အရေးနှင့်ပတ်သက်၍ ဝင်ရောက်ဖြေရှင်းညှိနှိုင်းမှုပြုလုပ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကို တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းနောက် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် A/RES/48/150 ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို နောင်လာမည့် အထွေထွေညီလာခံများသို့ မြန်မာအရေးကိစ္စအား အစီရင်ခံစာ တင်သွင်းစေခြင်းဖြင့် အတွင်းရေးမှူးချုပ်၏ good offices role ကို စတင်မြစ်ဖျားခံခဲ့ပါသည်။ ယင်းနောက်တွင် အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူများ/အကြံပေးများ/ အထူးကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးလာပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းကဲ့သို့သော ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုများကို လက်မခံသော်လည်း ကုလသမဂ္ဂ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ၎င်းတို့နှင့် တတ်နိုင်သမျှပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် မလေးရှားနိုင်ငံသား အထူးကိုယ်စားလှယ် Mr. Razali Ismail (၂၀၀၀-၂၀၀၆)၊ နိုင်ဂျီးရီးယားနိုင်ငံသား အထူးအကြံပေး Mr. Ibrahim Gambari (၂၀၀၆-၂၀၀၉) နှင့် အိန္ဒိယနိုင်ငံသား အထူးအကြံပေး Mr. Vajay Nambiar (၂၀၁၀-၂၀၁၆) တို့ကို လက်ခံ ထိတွေ့ဆက်ဆံခဲ့ပါသည်။

ထို့နောက် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ARSA အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုအပေါ် နယ်မြေဒေသလုံခြုံရေးနှင့် ဒေသခံပြည်သူများအား ကာကွယ်စောင့်ရှောက်ရန်အလို့ငှာ တပ်မတော်၏ တန်ပြန်ဆောင်ရွက်ချက်များကို အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) က (၇၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဆိုတင်သွင်းကာ အထူးကိုယ်စားလှယ်၏ အခန်းကဏ္ဍကို ပြန်လည်အသက်သွင်းခဲ့ပါသည်။ ယင်းကြောင့် ဆွစ်ဇာလန်နိုင်ငံသူ Ms. Christine Burgener (၂၀၁၈-၂၀၂၁) နှင့် စင်ကာပူနိုင်ငံသူ Ms. Noeleen Heyzer (၂၀၂၁-၂၀၂၃) တို့ တာဝန်ထမ်းဆောင်ခဲ့ကြပြီး လက်ရှိ အထူးကိုယ်စားလှယ်ဖြစ်သည့် သြစတြေးလျနိုင်ငံခြားရေးဝန်ကြီးဟောင်း Ms. Julie Bishop ကို ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက်တွင် ခန့်အပ်ခဲ့ပါသည်။ ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ လေးကြိမ်တိုင်တိုင်လာရောက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

**မြေပြင်ပကတိ တိုးတက်မှုနှင့် ကုလသမဂ္ဂ၏ တစ်ဖက်သတ်အမြင်များ**

ကုလသမဂ္ဂတွင် မျှတခြင်းနှင့် ဘက်လိုက်မှုကင်းခြင်းဟူသော အခြေခံမူဝါဒများရှိသော်လည်း မြန်မာ့အရေးတွင် တစ်ဖက်သတ်ရပ်တည်ချက်များသာ အစဉ်တစိုက် တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ကို လေ့လာမည်ဆိုပါက ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ လွှဲပြောင်းရယူခဲ့ရပြီးနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်အတွင်း အပိုင်း (၃) ပိုင်းခွဲ၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်က လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသဖြင့် ယခုအခါ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်နှင့် ဒီမိုကရေစီနည်းကျ အစိုးရသစ်ပေါ်ထွန်းလာကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန်အတွက် စတင်အကောင်အထည်ဖော်လျက် ရှိပါသည်။ ထို့ပြင် ယခင်အရေးပေါ်ကာလအချိန်များကပင် နိုင်ငံနှင့် ပြည်သူများအတွက်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းဆိုင်ရာအကျိုးအတွက်လည်းကောင်း မိမိတို့၏ မိတ်ဆွေနိုင်ငံများနှင့် အစဉ်ထိတွေ့နည်းလမ်းများရှာဖွေလျက် ပူးပေါင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ်ပြုလုပ်ခဲ့ပါသည်။

ယင်းသို့သောအခြေအနေများကို လျစ်လျူရှုလျက် ၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထံ အလွတ်သဘောရှင်းလင်းမှု (Informal Briefing) တွင် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော၊ တစ်ဖက်စောင်းနင်းဖြစ်သော စွပ်စွဲချက်များကို အောက်ပါအတိုင်း ချဲ့ကားတင်ပြသွားခဲ့ပါသည် -

**ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ လွဲမှားသော တံဆိပ်ကပ်မှု**

မြန်မာနိုင်ငံအား ဆိုက်ဘာရာဇဝတ်မှုများ၏ ကမ္ဘာလုံးဆိုင်ရာ ဗဟိုချက် (epic center) အဖြစ် စွပ်စွဲဖော်ပြခဲ့သည်ကို တွေ့ရှိရသည် (A/80/307- အပိုဒ် ၁၇/ ၅-၈-၂၀၂၅)။ မြန်မာအစိုးရသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကိုလည်း လွှတ်တော်တွင် ဆွေးနွေးလျက်ရှိပါသည်။ သို့ရာတွင်လည်း အစိုးရ၏ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုပြီး ယခုကဲ့သို့ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် တစ်ဖက်သတ်ဆန်စွာ တံဆိပ်ကပ်ဖော်ပြခဲ့ခြင်းသည် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို လေ့လာနိုင်စွမ်းအပေါ် မေးခွန်းထုတ်ဖွယ်ရာဖြစ်သည်။

**စားနပ်ရိက္ခာ ဖူလုံမှုအပေါ် ချဲ့ကားပြောဆိုခြင်း**

မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးမှုဒဏ်အဆိုးရွားဆုံးခံစားနေရသည့် ဆဋ္ဌမမြောက်နေရာအဖြစ် စွပ်စွဲဖော်ပြထားပါသည် (A/HRC/60/20 – အပိုဒ် ၃၀ နှင့် ၂၀၂၆ ခုနှစ်၊ Global Report on Food Crisis နှင့် FAO-WFP Hotspots တို့တွင် ဖော်ပြချက်)။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး မြေပေါ်မြေအောက်သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံမှုအခြေအနေသည် ပြည်တွင်းစားသုံးမှု ဖူလုံနေသည့် (self-sufficient) အဆင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲဖြစ်ပါသည်။ ထို့ပြင် အမျိုးသားစားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်သန္နိဋ္ဌာန်ချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

> **ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ မြေပြင်ပကတိ ဖြစ်ပေါ်တိုးတက်မှုများ၊ ဒီမိုကရေစီနည်းကျ ပေါ်ထွန်းလာသော အစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများနှင့် အကြမ်းဖက်သမားများကြောင့် ပြည်သူအများ သေကျေပျက်စီးနေရသည့်အခြေအနေမှန်များကို သေချာစွာဆန်းစစ်လေ့လာခြင်းမရှိဘဲ တမင်သက်သက် မျက်ကွယ်ပြုလျစ်လျူရှုထားကြပါသည်။**
>
> **တစ်ဖက်သတ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အနောက်အုပ်စုများ၏ လုပ်ကြံဖန်တီးချက်များကိုသာ အခြေခံ၍ ထုတ်ပြန်နေသော အစီရင်ခံစာများနှင့် ပြောကြားချက်များသည် ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်လိုက်မှုကင်းရှင်းမှုနှင့် ဂုဏ်သိက္ခာရှိမှုအပေါ် များစွာမေးခွန်းထုတ်စရာဖြစ်**

**အကြမ်းဖက်မှုအား စစ်ရေးအရ ဆောင်ရွက်ခြင်းအပေါ် တစ်ဖက်သတ် စွပ်စွဲခြင်း**

တပ်မတော်၏ အကြမ်းဖက်မှုများအပေါ် စစ်ရေးအရတုံ့ပြန်မှုများနှင့် ၎င်းတို့အဆိုအရ လေကြောင်းမှတစ်ဆင့် ဗုံးကြဲတိုက်ခိုက်ကြောင်း စွပ်စွဲဖော်ပြထားပါသည် (A/HRC/60/20- အပိုဒ် ၈/၂၉-၈-၂၀၂၅)။ လက်တွေ့တွင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement – RoE) ကို တိကျစွာလိုက်နာလျက် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် အရပ်ဘက်အခြေခံအဆောက်အအုံများတွင် ခြေကုပ်ယူကိုယ်ရောင်ဖျောက်ထားသည့် အကြမ်းဖက်သမားများကိုသာ ဦးတည်နှိမ်နင်းခြင်းဖြစ်ပြီး အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမရှိပါ။ သို့ရာတွင်လည်း ကုလသမဂ္ဂအနေဖြင့် နိုင်ငံတော်၏ အခြေခံလုံခြုံရေးတာဝန်ဝတ္တရားများကို လျစ်လျူရှုကာ အကြမ်းဖက်သမားများ ကိုယ်တိုင်ဝါဒဖြန့်ချိနေသည့် အတည်မပြုနိုင်သော လုပ်ကြံပြောဆိုချက်များအပေါ်၌သာ အမှီပြုနေကြောင်း တွေ့ရှိရပါသည်။

PDFs များနှင့် အချို့သော EAOs များ၏ လူမဆန်သော ရာဇဝတ်မှုများကြောင့် ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ အမျိုးသမီး၊ ကလေးသူငယ်အပါအဝင် အရပ်သား ၉၇၉၅ ဦးသေဆုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီး မည်သည့်အချိန်ကမျှ ဖော်ပြပြောဆိုခြင်းမရှိဘဲ မျက်ကွယ်ပြုထားဆဲဖြစ်ပါသည်။

**နေရပ်စွန့်ခွာသူများ (IDPs) စာရင်းများ အလွန်အကျွံဖောင်းပွခြင်း**

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများ (IDPs) အရေအတွက် မြင့်မားနေသည်ဟု စွပ်စွဲဖော်ပြထားပါသည် (A/80/307-အပိုဒ် ၈/ ၅-၈-၂၀၂၅)။ မြန်မာနိုင်ငံအတွင်း နေရပ်စွန့်ခွာရမှုများသည် ယာယီသဘောမျှသာဖြစ်ပြီး အခြေအနေပေးသည်နှင့် ၎င်းတို့၏မူလနေရပ်သို့ ပြန်လည်အခြေချလေ့ရှိပါသည်။ ယင်းကဲ့သို့သော သဘောသဘာဝများကို နားလည်ခြင်းမရှိဘဲ အနောက်အုပ်စုက ထောက်ပံ့ထားသည့် NGOs၊ INGOs များ၏ ချဲ့ကားဖောင်းပွထားသော IDPs စာရင်းများကို ထပ်မံစိစစ်ခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမရှိဘဲ စာရင်းများကို ထပ်တိုးဖော်ပြနေခြင်းတို့ကိုသာ ပြုလုပ်နေကြောင်း တွေ့ရှိရပါသည်။

**အမျိုးသမီးအခွင့်အရေးနှင့် zero-tolerance မူဝါဒကို စွပ်စွဲခြင်း**

ကုလသမဂ္ဂအနေဖြင့် အနောက်အုပ်စုနှင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးအထောက်အပံ့ ငွေကြေးများဖြင့် ရပ်တည်ပြီး တစ်ဖက်သတ်/ဆန့်ကျင်သည့် အမြင်များရှိသည့် NGOs နှင့် INGOs များ၏ အမျိုးသမီးနှင့်ပတ်သက်၍ စွပ်စွဲမှုများကိုသာ ကိုးကားဖော်ပြထားပါသည် (S/2026/321- အပိုဒ် ၅၀/ ၂၁-၄-၂၀၂၆ )။

မြန်မာ့လူမှုအဖွဲ့အစည်းသည် လိင်အကြမ်းဖက်မှုကို ရိုးရာယဉ်ကျေးမှုအရ ဆန့်ကျင်သော သမိုင်းကြောင်းအစဉ်အလာရှိပါသည်။ ယင်းဓလေ့ကိုအခြေခံ၍ နိုင်ငံတော်အစိုးရအဆက်ဆက်က ကျား-မနှင့် လိင်စိတ်ခံယူမှုကွဲပြားသူအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန် ဥပဒေနှင့်အညီ ပြတ်သားစွာ ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် မည်သည့်ပြစ်မှုကိုမဆို အသေးအဖွဲပင်ဖြစ်လင့်ကစား လုံးဝခွင့်မလွှတ်ဘဲ အရေးယူအပြစ်ပေးသည့် (zero-tolerance policy) ချမှတ်ထားပြီး ကျူးလွန်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများအား တားဆီးနိုင်ရေးအတွက် အမျိုးသားအဆင့်တိုင်ကြားမှု ယန္တရား ၂၄ နာရီ Helpline (၁၅၆၆) ကို ၂၀၂၂ ခုနှစ်တွင် ထူထောင်ခဲ့ပါသည်။ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့် မသက်ဆိုင်သော လိင်ပိုင်းဆိုင်ရာအမှုပေါင်း ၂၃၀၀ ကျော်ကို အရေးယူနိုင်ခဲ့သော်လည်း ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအနေဖြင့် တစ်စုံတစ်ရာ တရားဝင်တိုင်ကြားလာခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

**နိဂုံး**

အချုပ်အားဖြင့်ဆိုရသော် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ မြေပြင်ပကတိ ဖြစ်ပေါ်တိုးတက်မှုများ၊ ဒီမိုကရေစီနည်းကျ ပေါ်ထွန်းလာသော အစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများနှင့် အကြမ်းဖက်သမားများကြောင့် ပြည်သူအများ သေကျေပျက်စီးနေရသည့် အခြေအနေမှန်များကို သေချာစွာဆန်းစစ်လေ့လာခြင်းမရှိဘဲ တမင်သက်သက် မျက်ကွယ်ပြုလျစ်လျူရှုထားကြပါသည်။

တစ်ဖက်သတ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အနောက်အုပ်စုများ၏ လုပ်ကြံဖန်တီးချက်များကိုသာ အခြေခံ၍ ထုတ်ပြန်နေသော အစီရင်ခံစာများနှင့် ပြောကြားချက်များသည် ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်လိုက်မှုကင်းရှင်းမှုနှင့် ဂုဏ်သိက္ခာရှိမှုအပေါ် များစွာ မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

မြန်မာ့ပြည်တွင်းရေးအပေါ် ဓမ္မဓိဋ္ဌာန်မကျဘဲ အခြေအမြစ်မရှိ စွပ်စွဲတံဆိပ်ကပ်နေသည့် ကုလသမဂ္ဂ၏ ဖွတ်မိတ်စွက်ဖက်မှုနှင့် မြေပြင်ကိန်းဂဏန်းအချက်အလက်များကို အစိုးရနှင့် အခြားသော တရားဝင်အဖွဲ့အစည်းများထံမှ ရယူစိစစ်အသုံးပြုနိုင်ပါသော်လည်း ထိုသို့ဆောင်ရွက်ခြင်းမရှိသည့် လုပ်ရပ်များသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လစ်ဟာမှု၊ အားနည်းချက်များလား သို့မဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် လျစ်လျူရှုသည်လားဆိုသည်ကို မေးခွန်းထုတ်ရမည့် အချိန်ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ အရေးတစ်ခုအပေါ်မူတည်ပြီး ပေါ်ပေါက်လာသည့် အတွေးတစ်ခုကို “ကုလသမဂ္ဂ၏ စွက်ဖက်မှုနှင့် လစ်ဟာမှုများ” ဟုခေါင်းစဉ်တပ်ဖော်ပြလျက် နိဂုံးချုပ်လိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



မန္တလေး ဇွန် ၂၃

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ Double Rhinos ဘိလပ်မြေစက်ရုံ၊ မန္တလေး Smile ကုမ္ပဏီနှင့် Alpha ဘိလပ်မြေစက်ရုံတို့သို့ သွားရောက်ပြီး လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိကြသော တရုတ်နိုင်ငံသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်ရုံများတွင် ကာလရှည်ကြာ တာဝန်ထမ်းဆောင်နေကြသည့် တရုတ်နိုင်ငံသားများနှင့် ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်မှုအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် မိမိတို့၏ ပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများ(Social Media)မှတစ်ဆင့်လည်းကောင်း အခါအားလျော်စွာ ဆက်လက်ဖြန့်ဝေမျှဝေပေးစေလိုကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသား ခရီးသွားများ မြန်မာနိုင်ငံသို့ အလွယ်တကူ စိတ်အေးချမ်းသာစွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံအပေါ် အမြင်သဘောထားများနှင့်ပတ်သက်၍ တာဝန်ရှိသူများက အင်တာဗျူးမေးမြန်းခြင်းများနှင့် Video Clip ရိုက်ကူးခြင်းများကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အာကာသသိပ္ပံနှင့်နည်းပညာ အသုံးချမှုဆိုင်ရာ သိကောင်းစရာများ သွားရောက်လေ့လာ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ အာကာသပြတိုက်အတွင်း ပြသထားသည့် အာကာသသိပ္ပံနှင့် နည်းပညာအသုံးချမှုဆိုင်ရာ သိကောင်းစရာများကို သွားရောက်လေ့လာကြရာ မြန်မာအာကာသအေဂျင်စီမှ နည်းပညာရှင်များက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ **ခရီးသွားကဏ္ဍမှ**

ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် အဂတိတရားနှင့်ပတ်သက်သည့် သဘောသဘာဝများကို သိရှိနားလည်စေရန် ရည်ရွယ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန်၂၂ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ ရသာကွန်ဒို၌ ကျင်းပစဉ် ၎င်းက ယင်းကဲ့သို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အသိပညာပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ(ရန်ကုန်)တို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် အလွန်အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး ရိုးသားဖြောင့်မတ်သော စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးဆွေးနွေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ဦးသိန်းဝင်းကလည်း ဟိုတယ်လုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်အတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်ရုံဖြင့်မရဘဲ လုပ်ငန်းကဏ္ဍအတွင်းရှိ အားလုံးက ဝိုင်းဝန်းလက်တွဲလုပ်ဆောင်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ဇုန်အတွင်းရှိ ဟိုတယ်(၁၀၀) ခန့်မှ လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် ရန်ကုန်ဇုန်အတွင်း၌ ဟိုတယ်လုပ်ငန်းပေါင်း ၅၀၀ ကျော်ရှိရာ ယခုပွဲသို့ မတက်ရောက်ရသေးဘဲ ကျန်ရှိနေသည့် ဟိုတယ်လုပ်ငန်းရှင်များကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)အနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**TWA**



မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ အခြေခံပညာကျောင်းများရှိ အသက် (၁၀) နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇွန် ၂၂ ရက်က တောင်တွင်းကြီးမြို့နယ် ငမင်ကျေးရွာ အထက(ခွဲ) ငမင်၌ ဆောင်ရွက်ပေးစဉ်။

ဦးမျိုး(ဗိသနိုးမြေ)

# စစ်ကိုင်းမြို့၌ ငါး၊ ပုစွန်ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းသင်တန်းဖွင့်



**စစ်ကိုင်း ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ငါးလုပ်ငန်း သင်တန်းကျောင်း (စစ်ကိုင်း)၌ ဇွန် ၁၉ ရက်က ငါး၊ ပုစွန်ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် တိုင်းဒေသကြီး ဦးစီးမှူး၊ ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးနွယ်နှင့် သင်တန်းနည်းပြ ဒေါ်ခင်ထားအိတို့က တန်ဖိုးမြှင့် ငါးအသားချဉ်၊ ငါးဆုပ်လုံး ပြုပြင်ထုတ်လုပ်ခြင်းနှင့် ငါးအကြေးခွံဖြင့် အလှဆင်ခြင်း သင်ခန်းစာများကို စာတွေ့လက်တွေ့ နှစ်ရက် ပို့ချပေးသည်။ သင်တန်းသို့ စစ်ကိုင်းမြို့ပေါ်မှ စိတ်ပါဝင်စားသူ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်လင်မြို့၌ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်

လှိုင်လင် ဇွန် ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လှိုင်လင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သက်နိုင်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် စက်ချုပ်သင်တန်းသူများအတွက် လုပ်ငန်းသုံးပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၄၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်လင်မိုး**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးညှင်းခရိုင်အတွင်း ရထားလမ်းပိုင်းများနှင့် ဘူတာများ ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မြစ်ကြီးနား ဇွန် ၂၃

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရန် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိနန်းမားဘူတာ ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နန်းမားနှင့် မြို့သစ်ကလေးဘူတာကြား မိုင်တိုင် ၆၄၂/၁၇-၁၈ ရှိ တံတားအမှတ် (၆၁၁)၊ မိုင်တိုင် ၆၄၅/ ၁၀-၁၁ ရှိ တံတားအမှတ် (၆၁၅) နှင့် တံတားအမှတ် (၆၂၇) တို့တွင် သံပေါင်ထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဇလီဖားလဲလှယ်မှုနှင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ဟိုပင်ဘူတာနှင့် ဆားမော်ဘူတာများ ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် သံလမ်းများ ကျောက်ဖြည့်ခြင်း၊ ဇလီဖားများ မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် လုပ်အားပေး အဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လူနေအိမ်များအတွင်း ချောင်းရေ ဝင်ရောက်ခဲ့သဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိသည့် ရေဘေးသင့် ပြည်သူများအား မိုးကောင်းမြို့ မြို့နယ်ဓမ္မာရုံ၌ တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၃၂ စုတို့အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေကြည်မြို့နယ်၌ ဆန်စက်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရေကြည် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဆန်စက်များ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရေကြည်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဆန်စက်များ မီးဘေးလုံခြုံရေးအတွက် လောင်စာအမှိုက်များ ရှင်းလင်းထားရန်၊ ခွင့်ပြုချက်မရှိဘဲ လောင်စာဆီသိုလှောင်ခြင်း၊ ရောင်းချခြင်းမပြုရန်၊ မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများထားရှိရန်၊ ပေါက်ပြဲဆွေးမြည့်သော လျှပ်စစ်ဝါယာကြိုးများ အသုံးမပြုရန် အသိပညာပေးစစ်ဆေးပြီး ဆန်စက်လုပ်သားများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ သရုပ်ပြပြုလုပ်ပေးကာ မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုင်းတုံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

ကျိုင်းတုံ ဇွန် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က ကျိုင်းတုံတက္ကသိုလ် ခေမာရင္ကခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၉) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (ရှမ်းအရှေ့)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသန်းနိုင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)





# ကြံခင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီ၊ ဆန်နှင့် ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

ကြံခင်း ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် (ခွဲ)၌ ပင်စင်လစာထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီ၊ ဆန်နှင့်ကြက်ဥများကို ယနေ့နံနက် ၈နာရီက သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည်။

ရောင်းချနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်း၊ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ဝင်းမော်တို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

❒ ကျောဖုံးမှ

ထိုသို့ စက်သုံးဆီများအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးနေမှုကို ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးရဲရင့်ဆွေနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ဝိုင်းမော်မြို့နယ် နောင်တာလောရပ်ကွက်အတွင်းရှိ ဇေယျာမင်း စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအသီးသီးမှ တောင်သူများအတွက် တစ်ဧကေ သုံးဂါလန်နှုန်း တစ်လီတာလျှင် ၄၉၁၉ ကျပ်ဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့ရှိ အများပြည်သူဆိုင်ရာ အဆောက်အအုံများ၏ ငလျင်နှင့် သဘာဝဘေး အန္တရာယ်ကြံ့ခိုင်မှုစစ်ဆေးခြင်း လုပ်ငန်းများ ဇူလိုင် ၁ ရက်တွင် စတင်မည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ရုံးအဆောက်အအုံများကို အန္တရာယ်ရှိနိုင်မှုအဆင့် (Risk Level) ခွဲခြားသတ်မှတ်နိုင်ရန်အတွက် ငလျင်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြံ့ခိုင်မှုစစ်ဆေးစမ်းသပ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁ ရက်မှ စတင်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်က ပြောကြားသည်။

ဇွန် ၂၂ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ကျောက်တံတားမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) ဦးကျော်မင်းထက်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနေထိုင်ရန်မသင့်ဟု သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ အဆောက်အအုံများအား ပြုပြင်ဖယ်ရှားရန် အစီအစဉ် ရှိ၊ မရှိနှင့် အိုဟောင်းနေသော အဆောက်အအုံများ၏ ကြံ့ခိုင်ရေးစိစစ်မှု အခြေအနေမေးခွန်းအပေါ် တိုင်းဒေသကြီးဝန်ကြီးက ထိုသို့ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ငလျင်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်အတွက် အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေကို စနစ်တကျ စစ်ဆေးသွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)အနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် (YEC)၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီတို့နှင့် ပူးပေါင်းကာ အစည်းအဝေးများ အကြိမ်ကြိမ်ညှိနှိုင်းပြီးနောက် ဇူလိုင်လဆန်းမှစတင်ကာ အကောင်အထည်ဖော်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

TWA

# (IPC)ဆေးရုံကူးစက်ရောဂါ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

အုတ်ဖို ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနက ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ကုသရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆေးရုံတွင်(IPC) ဆေးရုံ ကူးစက်ရောဂါထိန်းချုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်

(IPC)ဆေးရုံကူးစက်ရောဂါထိန်းချုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် IPC ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊Action Planနှင့်(SOP) ရေးဆွဲခြင်း၊ ဝန်ထမ်းများအားသင်တန်းပေးခြင်း၊ ဆေးရုံကူးစက်ရောဂါ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပုံမှန်စစ်ဆေးကြီးကြပ်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)



- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းစက်မှုဇုန်ရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

မုံရွာ ဇွန် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းစက်မှုဇုန်ရှိ တစ်ရက်လျှင် တန် ၅၀၀၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နေသည့် ဂရိတ်ယူနတီအော်ဂဲနစ် ကွန်ပေါင်းဓာတ်မြေဩဇာစက်ရုံ၌ ကွန်ပေါင်းဓာတ်မြေဩဇာများ ကြိတ်ခွဲထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျင်းရှင်း နည်းပညာကုမ္ပဏီ၏ စက်ရုံအတွင်း ကွန်ပျူတာနှင့် ဖုန်း ဆက်စပ်လျှပ်စစ်ကြိုးများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပုသိမ်မြို့၌ ပလတ်စတစ်ခြင်း ရက်လုပ်ခြင်းသင်တန်းဆင်းပွဲကျင်းပ

ပုသိမ် ဇွန် ၂၃

၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို လှုပ်ရှားမှုအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ပလတ်စတစ်ခြင်း ရက်လုပ်ခြင်း သင်တန်းဆင်းပွဲ ကျင်းပသည်။



**တက်ရောက်သင်ကြား**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်သက်သက်ဆွေက အမှာစကားပြောကြားပြီး သင်တန်းနည်းပြအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဇွန် ၁၅ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသူ ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဥတ္တရသီရိမြို့နယ်၌ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ



နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် နွေစပါးစံပြကွက် ရိတ်သိမ်းပွဲကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ကွင်းအမှတ်(၁၈၈၇) တောင်သူ ဦးသိန်းအောင်၏ စံပြကွက်စိုက်ခင်း၌ ကျင်းပသည်။

အဆိုပါရိတ်သိမ်းပွဲသို့ ဥတ္တရခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြအေးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးပြည့်ဖြိုးဇော်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုကိုမင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးနိုင်နှင့် ကွင်းတာဝန်ခံ ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး စပါးမျိုး (နှံကောက်မျိုး) တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၂၅ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

## စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် ဇွန် ၂၃

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့တွင် မြို့နယ်မီးသတ် ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီ အရောင်းဆိုင်များတွင် ထားရှိသော အပေါ့စားရေစုပ်စက်၊ ရေပက်ပိုက်လိပ်၊ ရေပိုက်ခေါင်းများနှင့် မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**





## ဇလွန်မြို့နယ်၌ သွင်းအားစုများ ပေးအပ်

ဇလွန် ဇွန် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အထွင့်ကျေးရွာအုပ်စုနှင့် ရေလဲကျေးရွာအုပ်စုတို့တွင် Rice Export Zone ဧက ၅၀၀ စီမံကိန်းအား Wunna Shin Trading Co., Ltd. မှ ဆောင်ရွက်သည့် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုဓာတ်မြေဩဇာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွင့်ကျေးရွာအုပ်စု၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အဆင့် Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်ကျော်စိုးက Rice Export Zone လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက Rice Export Zone ဆောင်ရွက်သော မိုးစပါး REZ ဖော်ဆောင်သည့် တောင်သူများထံသို့ ဧက ၅၀၀ စီမံကိန်းအတွက် ကနဦးကုမ္ပဏီမှထောက်ပံ့ရမည့် ငွေကျပ်သိန်း ၅၀၀ နှင့် တောင်သူများ၏ တောင်းဆိုချက်အရ ဖြိုးမောက်ယူရီးယားဓာတ်မြေဩဇာနှင့် ဓာမဏီဆာလဖာ ပုလဲမြေဩဇာတို့ကို ပေးအပ်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြော

သာစည် ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက် နံနက်က အထက (မယ်ဇလီကန်)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ကျော်စိုးက ကျောင်းအုပ်ကြီးဦးကျော်လွင်ထံ ပျိုးပင်များ ပေးအပ်ပြီး ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင်များကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ဆက်လက်၍ တောအုပ်ကြီး ဦးခင်မောင်ငွေးက မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။



ထွန်းထွန်း(သာစည်)



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် မအူပင်ခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးမိုးထွန်းဦးဆောင်၍ ဇွန် ၂၃ ရက်က ညောင်တုန်းမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ ပြီး လမ်းညွှန်ချက်များအား ရှင်းလင်းစဉ်။ မိုးဟိန်းထက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်ခရိုင်ဦးစီးမှူး ဦးဗိုလ်မြင့်၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများက ဇွန် ၂၂ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အထက(၁၄)မှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ပညာရဲရင့် ပွဲလယ်တင့် ပညာရွှေအိုး လူမခိုး

# ကလေးမြို့နယ်၌ ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်၌ ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၃**

ကလေးမြို့နယ်၌ ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်၌ ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတာဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ညနေ ၄ နာရီတွင် သတင်းအရ ကလေးမြို့နယ်အေးသာယာကျေးရွာအနီးတွင် ကလေးမြို့ သဇင်ရပ်ကွက်နေ ဒါးလ်ဆွင်းခွါလ် (ခ)ခွါလ်ပီး(၃၄) နှစ် မောင်းနှင်ပြီး မင်းကင်းမြို့နယ် မြို့မကျေးရွာနေ ရဲရင့်အောင်(၂၂) နှစ်လိုက်ပါလာသော NISSAN ၁၂ဘီး ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၂၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၈၈၀၀)၊ မြန်မာငွေကျပ်တစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီးကွင်းဆက်အရ ယင်းနေ့ည ၈ နာရီတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ကလေးမြို့ တာဟန်းရပ်ကွက်နေ မလဲင့်ဆွေဗုန် (ခ)ဗွီးသဲ(၄၄)နှစ်အား ကလေးမြို့ သဇင်ရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိသဖြင့် ဒါးလ်ဆွင်းခွါလ် (ခ)ခွါလ်ပီး၊ ရဲရင့်အောင်နှင့် မလဲင့်ဆွေဗုန် (ခ) ဗွီးသဲတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဇွန် ၁၉ ရက်ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီးတွင် လားရှိုးမြို့နယ် ပန်ဆက်ကျေးရွာနေ ဘရန်နန်(၃၀)နှစ် မောင်းနှင်လာသော Toyota Crown အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၇၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၆၀) သိမ်းဆည်းရမိသဖြင့် ဘရန်နန်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူ ဒါးလ်ဆွင်းခွါလ် (ခ)ခွါလ်ပီး၊ ရဲရင့်အောင်နှင့် မလဲင့် ဆွေဗုန်(ခ)ဗွီးသဲတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၂၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Jesse Elhanan Warbah နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၅၀၃ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇွန် ၂၃**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့သည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှု။





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံများကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု။

# ဓနုဖြူမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးဟောပြော

**ဓနုဖြူ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးလှငွေးက မူခင်းအသိပညာပေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဝင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှု အန္တရာယ်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ငွေးက သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်နိုင်ဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲတပ်ကြပ်ကြီး ဖြိုးအောင်က ယာဉ်စည်းကမ်း/လမ်းစည်းကမ်း အသိပညာပေး ဟောပြောခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## Naypyitaw State Academy ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် သုတေသနစာတမ်းများဖတ်ကြားနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် သုတေသနစာတမ်းများ ဖတ်ကြားရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အကြံပြုဆွေးနွေးစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများက ဌာနအသီးသီး၏ လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ Fitness Dance သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






World drug problem: persisting issues, new challenges, innovative responses

စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။

## ဟင်္သာတမြို့နယ်၌ မိုးစပါးစိုက်ပျိုးထားသည့် တောင်သူများအား သွင်းအားစုပေးအပ်

ဟင်္သာတ ဇွန် ၂၃

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ၂၀၂၆-၂၀၂၇ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးထားသည့် တောင်သူများအား သွင်းအားစုပေးအပ်ပွဲ ကျင်းပသည်။



အခမ်းအနားတွင် ဟင်္သာတခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှကြည်က နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝယ်ကြိုတ်လုပ်ငန်းရှင် နော်ခင်ခင်က မြို့နယ်အတွင်း တောင်သူများနှင့်ဆက်စပ်လုပ်ကိုင်လျက်ရှိသော မိမိတို့၏ လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပျော်ဘွယ်မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးအခမဲ့ ကွင်းဆင်းကုသမှုဆောင်ရွက်

ပျော်ဘွယ် ဇွန် ၂၃

ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်နှင့်အထူးကုဆရာဝန်များက ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသည့် ပြည်သူများအား အခမဲ့ကွင်းဆင်း ဆေးကုသပေးခြင်းကို ဇွန် ၂၁ ရက်က ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၌ ပြုလုပ်သည်။



ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိရာသို့ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

ရွှေညောင်ဖူးကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၆ ရွာမှ ပြည်သူပေါင်း ၇၈၀ ခန့်အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံအနေဖြင့် ကျေးရွာများသို့ အခမဲ့ကွင်းဆင်းကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဟုမ္မလင်းမြို့၌ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

ဟုမ္မလင်း ဇွန် ၂၃

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်အတွင်းသို့ ယနေ့နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နောင်ပကျစ်ရပ်ကွက်ရှိ ဟုမ္မလင်း - ခန္တီးအမြန်ရေယာဉ်ဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှအဖွဲ့ဝင်များက ထိုင်းငါးခုံးမ သားပေါက်အကောင်ရေ ၁၃၅၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၄၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၇၅၀၀၀ ကို ချင်းတွင်းမြစ်အတွင်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်

ကြို့ပင်ကောက် ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဗောဓိရက္ခအလယ်တန်းကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုး၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ အသင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့များသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းများ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မှော်ဘီမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက ဇွန် ၂၂ ရက်တွင် အထက(၂)၌ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

ကောင်းမြတ်သူ(မှော်ဘီ)





ကရင်ပြည်နယ် ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဇွန် ၂၂ ရက်တွင် ဘားအံမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေထုတ်ချေး

မော်လမြိုင် ဇွန် ၂၃

မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာ(ပွတ္တလူးကုန်း)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၂၀ ရက်က ပြုလုပ်ရာ မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀ အား ငွေကျပ် ၄၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအား ငွေကျပ် ၂ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးအား ငွေကျပ် ၉ ဒသမ ၁ သန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအား ငွေကျပ် ၆ ဒသမ ၁ သန်း စုစုပေါင်း ၈၂ ဦးအား ငွေကျပ် ၆၁ ဒသမ ၆ သန်းကို နေ့ချင်းပြီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုတာ ရုပ်ဝတ္ထုသက်သက်သာမက ပြည်သူစိတ်နှလုံး လုံခြုံမှုအထိအရေးပါ

ရတနာ၊ နန္ဒာ

ပြီးခဲ့တဲ့လက မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံ၊ မြန်မာပြည်သူတွေနဲ့ တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်က ပြည်သူတွေ ထိစပ်မှုရှိစေဖို့ ရည်ရွယ်ချက်နဲ့ မီဒီယာ လေ့လာရေးခရီးစဉ်တစ်ခုမှာ လိုက်ပါခွင့် ရခဲ့ပါတယ်။ နာမည်ကျော် အေးမြတဲ့ ဒေသ ဟာဘင်းမြို့ကိုပါ။ လေ့လာရေး ခရီးစဉ်တစ်လျှောက် နာမည်ကျော်အထင်ကရနေရာတွေထက် စိတ်ထဲကို မှတ်မှတ်ထင်ထင်ဝင်ရောက်ခဲ့တဲ့ နေရာလေးတစ်ခုကို စာဖတ်သူတွေဆီ မျှဝေလိုပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုတာ လမ်းတံတား၊ အဆောက်အအုံတွေချည်း မဟုတ်ဘူးဆိုတာကို သက်သေပြရာ နေရာ၊ နာမည်ကြီးနေရာမဟုတ်ဘဲ ရပ်ကွက်တစ်ခုသာဖြစ်ပါတယ်။ အိုင်ကျန်း ရပ်ကွက်ဖြစ်ပါတယ်။ အဲဒီနေရာမှာ မြင်တွေ့ရတာတွေက အတော်လေး အံ့အားသင့်စေတယ်။

အဲဒီနေရာမှာ လမ်းတွေက သန့်ရှင်းတယ်၊ သစ်ပင်တွေရှိတယ်၊ အမှိုက်ပုံးတွေကို စနစ်တကျ ထားရှိထားတယ်၊ ကစားကွင်းငယ်လေးတစ်ခုမှာ ကလေးတွေ ကစားနေတယ်၊ အနားကခုံမှာ အဘိုးအိုတစ်ယောက် ထိုင်နေတယ်၊ ခွေးလေးနှစ်ကောင် ပျော်ရွှင်မြူးထူးစွာနဲ့ ခုန်ပေါက်ဆော့ကစားနေတာ မြင်ရတယ်။ အထပ်မြင့်အဆောက်အအုံတွေရဲ့ အောက်ထပ်မှာ ဈေးဆိုင်ခန်းအချို့နဲ့ အလှပြင်ဆိုင်အချို့ ဖွင့်ထားတယ်၊ ဆေးဆိုင်ဖွင့်ထားတာကိုလည်း မြင်တွေ့ရတယ်၊ အဲဒီရပ်ကွက်ရဲ့အုပ်ချုပ်ရေးရုံးခန်းကို မီဒီယာလေ့လာရေးအဖွဲ့ ရောက်သွားခဲ့တယ်။

စင်တာက"ပြည်သူကို ဗဟိုပြုခြင်း" ဆိုတဲ့ အယူအဆကို လက်ကိုင်ထားတယ်လို့ တာဝန်ရှိသူက ရှင်းပြပါတယ်။ "လုံခြုံခြင်း၊ နေထိုင်ရန်သင့်လျော်ခြင်း၊ သဟဇာတဖြစ်ခြင်းနဲ့ ပျော်ရွှင်ခြင်း" တို့ ပြည့်စုံတဲ့ အိုင်ကျန်းရပ်ကွက် ဖြစ်လာစေဖို့ရည်ရွယ်တယ်လို့ သိရပါတယ်။ "စမတ်လူမှုအသိုက်အဝန်း" စနစ်ကို ဖော်ဆောင်ဖို့ အွန်လိုင်းနဲ့ အော့ဖ်လိုင်း ဝန်ဆောင်မှုတွေ ပေါင်းစပ်ပေးပြီး လူမှုအသိုက်အဝန်း ဝန်ဆောင်မှု၊ အုပ်ချုပ်ရေး ဝန်ဆောင်မှု၊ ပြည်သူ့ဝန်ဆောင်မှုနဲ့ စမတ်အိမ်ရာ ဝန်ဆောင်မှုတွေကို ပေးအပ်လျက်ရှိပါတယ်။

**တန်းစီစရာမလိုတဲ့ ရုံးခန်း**

ဟာဘင်းရဲ့ မိုးဦးကာလက မိုးရန့်လေနုအေး တိုက်ခတ်တာကြောင့် အနည်းငယ်တော့အေးပါတယ်။ အဲဒီအချိန်မှာ အိုင်ကျန်း Community ရဲ့ ဝန်ဆောင်မှုစင်တာရှေ့ကိုရောက်တယ်။ လူတွေတန်းစီနေတာမျိုး မတွေ့ရဘူး။ စင်တာထဲမှာ ဧည့်ခန်းထားပေးထားတယ်။ နံရံပေါ်မှာတော့ ဝန်ဆောင်မှုအမျိုးအစားတွေ ရေးပြထားတဲ့ ဆိုင်းဘုတ်ကိုမြင်ရတယ်။ ရုံးကောင်တာတွေက အတားအဆီးမဲ့ တည်ရှိနေသလို ကောင်တာတွေရဲ့ အနောက်က ဝန်ထမ်းတွေက ပြုံးချိုတဲ့မျက်နှာထားနဲ့ "မင်္ဂလာပါ၊ ဘယ်ဝန်ဆောင်မှု လိုချင်တာလဲ" လို့ နှုတ်ဆက်နေတာမြင်ရတယ်။ ဝင်ဝင်ချင်း ဆောင်ပုဒ်တစ်ခုကိုလည်း ဖတ်လိုက်မိတယ်။ "နွေးထွေးဂရုစိုက်သော ဝန်ဆောင်မှုနှင့် လက်တွဲညီသော ကတိကဝတ်" တဲ့။

အိုင်ကျန်းရပ်ကွက် (လူမှုအသိုက်အဝန်း) ပါတီနဲ့ ပြည်သူ့ဝန်ဆောင်မှုစင်တာက ဟာဘင်းမြို့ တောက်လီခရိုင်မှာတည်ရှိပြီး အဆောက်အအုံဧရိယာ စတုရန်းမီတာ ၂၀၀၀ ခန့် ကျယ်ဝန်းပါတယ်။ စင်တာအတွင်းမှာ တစ်နေရာတည်းဝန်ဆောင်မှုခန်းမ၊ ခေတ်သစ်ယဉ်ကျေးမှု လက်တွေ့အကောင်အထည်ဖော်ရေးစခန်း၊ ပါတီသမိုင်းနှင့် ပါတီတည်ဆောက်ရေးပြခန်း၊ ဘက်စုံသုံး အစည်းအဝေးခန်း၊ စာကြည့်ခန်း၊ အကခန်း၊ စားပွဲတင်တင်းနစ်ခန်း စတဲ့နေရာတွေပါဝင်ပြီး အစိုးရဝန်ဆောင်မှု၊ ပါတီဝန်ဆောင်မှု၊ ပြည်သူ့ဝန်ဆောင်မှုနဲ့ ယဉ်ကျေးမှုဝန်ဆောင်မှုတွေကို တစုတစည်း ဆောင်ရွက်ပေးနေတဲ့ဝန်ဆောင်မှုစင်တာတစ်ခုလည်း ဖြစ်ပါတယ်။

ဒီစင်တာမှာ ဘာတွေလုပ်လို့ရသလဲဆိုတော့ လူမှုဖူလုံရေး အကူအညီလျှောက်ထားရင် တစ်ပတ်အတွင်းရပါတယ်၊ ဆေးရုံမပြခင် ကျန်းမာရေးအာမခံ စာရင်းသွင်းနိုင်တယ်၊ အခြားဒေသက ရွှေ့ပြောင်းလာရင် နေထိုင်ခွင့်လက်မှတ် ထုတ်ယူနိုင်တယ်၊ အငြိမ်းစားယူပြီးသား အဘိုးအဘွားတွေ ထောက်ပံ့ကြေး လျှောက်ထားနိုင်တယ်၊ အထောက်အထားကတ်ပြားမျိုးပျောက်ရင်၊ အသစ်ထုတ်ချင်ရင် ဒီမှာ ညနေ ၆ နာရီအထိ လုပ်လို့ရတယ်။

"ညနေ ၆ နာရီကျော်ပြီဆိုရင်ရော"လို့ မေးကြည့်တဲ့အခါ တာဝန်ရှိသူက "ရုံးကမပိတ်ပါဘူး။ အွန်လိုင်းကနေ အချိန်မရွေး လျှောက်လို့ရတယ်။ ဒီမှာလည်း အရေးကြီးရင် အရေးကြီးသလို ဝန်ဆောင်မှုပေးတယ်" လို့ ဖြေပါတယ်။ "ရုံးကို လူသွားရမယ်" ဆိုတဲ့ အတွေးကိုကျော်လွန်ပြီး "ဝန်ဆောင်မှုက ပြည်သူဆီလာနေတယ်" ဆိုတဲ့ သဘောတရားကို လက်တွေ့ကျင့်သုံးနေတာကို မြင်ခဲ့ရပါတယ်။ အပေါ်က ဝန်ဆောင်မှုတွေအပြင် အိမ်ငှားတာ၊ ဝယ်တာ၊ ရောင်းတာ၊ လျှပ်စစ်မီတာ ဆောင်တာအပါအဝင် အခွန်အခပေးတာ၊ စီးပွားရေးလုပ်ငန်း လျှောက်ထားတာ စတဲ့ အလုံးစုံဝန်ဆောင်မှုတွေကို One stop service နဲ့ ဆောင်ရွက်ပေးနေတယ်။

**အေးအေးလူလူ ငြိမ်းချမ်းပျော်ရွှင်စွာ**

စင်တာရဲ့အပေါ်ထပ်မှာ သက်ကြီးတွေအတွက် အပန်းဖြေစရာ နေရာ အတော်များများကို သတိပြုမိတယ်။ မာကျောက်ကစားနေတဲ့ အဘိုးတွေ၊ ဖဲချပ်တွေကို လှလှပပချိုးပြီး အချင်းချင်း စနောက်နေတဲ့ အဘွားတို့အဖွဲ့တွေကို မြင်တော့ အံ့အားသင့်မိတယ်။ အသက်အရွယ်ရလာတာနဲ့အမျှ အထီးကျန်ခြင်းကို ခံစားတတ်ကြတဲ့လူကြီးတွေအတွက် ဒီရပ်ကွက်ရုံး ကွန်မြူနတီစင်တာလေးက အတော်လေးအသုံးဝင်တာပဲ။

စင်တာက တာဝန်ရှိသူတွေ ရှင်းပြအပြီး စားပွဲတင်တင်းနစ်ကစားနေတဲ့ အဘိုးတစ်ဦးနဲ့ စကားစပ်မိတယ်။ သူက အသက် ၇၁ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာဝမ်ပါ။ **"ဒီမှာနေရတာ သိပ်ကိုအဆင်ပြေတယ်။ အိမ်မှာတစ်ခုခုအဆင်မပြေရင် နောက်တစ်နေ့မှာ ရပ်ကွက်တာဝန်ခံက ဖြေရှင်းပေးတယ်"** တဲ့။ သူက အဲဒီမှာနေတာ ၁၀ နှစ်ရှိပြီ။ **"အရင်က ဒီနေရာက စက်ရုံဟောင်းလို့ပြောကြတယ်"** လို့ သူက ပြောတယ်။ သူပြောတဲ့ "စက်ရုံဟောင်း" ဆိုတာ နောက်မှသိရတာက ဟာဘင်းကားစက်ရုံဟောင်းနေရာမှာ တည်ဆောက်ထားတာတဲ့။ စက်မှုဇုန်ဟောင်းကနေ ခေတ်မီလူနေရပ်ကွက်အဖြစ် ပြောင်းလဲလာတယ်။ ဒီနေရာဟာ သာမန်ရပ်ကွက်တစ်ခုတင် မဟုတ်ဘူး။ မြို့ရဲ့ စက်မှုခေတ်ဟောင်းကနေ ခေတ်သစ်ဆီကို ကူးပြောင်းခဲ့တဲ့နမူနာတစ်ခုလည်း ဖြစ်တယ်။

**စာကြည့်တိုက်ထဲက ဆူညံသံ**

တာဝန်ရှိသူတွေက စာကြည့်တိုက်ကို လိုက်လံပြသတယ်။ သာမန်စာကြည့်တိုက်ပါပဲ။ မတူတာက အထဲမှာကလေးတွေရှိတယ်။ လေ့လာသူတွေ လာမှာမလို့ ဟန်ပြနေကြတာမျိုးမဟုတ်ဘဲ သူတို့ အေးအေးလူလူ စာဖတ်နေကြတာ။ စာဖတ်ရင်း တစ်ယောက်နဲ့ တစ်ယောက်လည်း စနောက်နောက် ရယ်ရယ်မောမော။ ပြီးတော့ စာဖတ်လိုက်၊ ကူးရေးလိုက်လုပ်နေတဲ့ ဆယ်ကျော်သက်တစ်ဦးကို တွေ့ရတယ်။ ကျောင်းရဲ့စာတမ်းအတွက် အချက်အလက်ကူးနေတာတဲ့။ မြင်လိုက်ရတာက စာကြည့်တိုက်မှာ စာအုပ်တွေချည်းမဟုတ်ဘူး။ လူတွေ စုဝေးတဲ့နေရာ၊ သင်ယူတဲ့နေရာ၊ ကလေးတွေ အတူတူချိန်းပြီး စားမြုံ့ပြန်တဲ့နေရာလည်းဖြစ်တယ် ဆိုတာပါပဲ။

ပြီးတော့ နောက်ထပ်အခန်းတစ်ခုမှာ တရုတ်အမျိုးသမီးအဆိုတော်ရဲ့ သီချင်းသံကို အရင်ကြားရတယ်။ အဲဒီအခန်းထဲမှာ သက်ကြီးအမျိုးသမီးတွေ စုပေါင်းအကတိုက်နေကြတယ်။ ရှေ့မှာ နည်းပြလို့ယူဆရတဲ့ အမျိုးသမီးတစ်ဦးက တစ်ဦးချင်းကို လက်အနေအထား သင်ပေးနေတယ်။ "ဒီသင်တန်းတွေကို ဘယ်သူကလာသင်တာလဲ"လို့ မေးကြည့်တော့ အချို့ကကျောင်းတွေက ဆရာမတွေလာသင်တာ၊ အချို့ကတော့ ဒီရပ်ကွက်ထဲကပဲ။ ပရဟိတအနေနဲ့ သင်ပေးတာ၊ ပိုက်ဆံယူသူနည်းတယ်ဆိုတာကို သိခဲ့ရတယ်။

ဒီလိုမြင်ကွင်းတွေကနေ စဉ်းစားမိတာက အစိုးရရဲ့ ဝန်ဆောင်မှုတစ်ခုတည်းနဲ့ အုပ်ချုပ်မှုယန္တရားဟာ မပြည့်စုံနိုင်ဘူး။ ပြည်သူတွေရဲ့ ယုံကြည်မှုနဲ့ ပူးပေါင်းပါဝင်မှု လိုအပ်တယ်၊ အဓိကကျတယ်ဆိုတာကိုပဲ။ နောက်ဆက်တွဲ မိမိတို့ရပ်ကွက်တွေမှာရော ဒီလိုနေရာမျိုးတွေ ရှိသင့်တယ်လို့တွေးမိပါရဲ့။ ကလေးတွေကျောင်းကအပြန် ဖုန်းကြည့်နေမယ့်အစား၊ အတူတူကစားနိုင်၊ သင်ယူနိုင်မယ့်နေရာ။ လူကြီးတွေအတွက် အိမ်ထဲမှာ တစ်ယောက်တည်း အထီးကျန်နေမယ့်အစား ဝါသနာပါရာ အပန်းဖြေတာ၊ ဟင်းချက်တာ၊ ကခုန်တာ၊ စကားပြောတာ စသည်ဖြင့် စုစုရုံးရုံးနဲ့ တိုင်ပင်ရာနေရာ။ ဒါတွေကို နိုင်ငံတော်က ပံ့ပိုးပေးထားသလို ပြည်သူကလည်း လိုလိုလားလားနဲ့ ပူးပေါင်းတဲ့အခါ အမှန်တကယ် ရုပ်လုံးပေါ်လာနိုင်တယ် ဆိုတာ သက်သေပြနေတာပါပဲ။

အုပ်ချုပ်ရေးရုံးရဲ့ မြေညီထပ်မှာ ဥပဒေရေးရာနဲ့ပတ်သက်တဲ့ အခန်းလေးတစ်ခုကိုမြင်တွေ့ရတယ်။ ဥပမာ- လူတစ်ယောက်က အလုပ်ရှင်နဲ့အငြင်းပွားတယ်။ လုပ်ခကိုအပြည့်မရဘူး။ ဒါကို အဲဒီက တာဝန်ရှိသူကို လာတိုင်ပင်လို့ရပါတယ်။ သူက နားထောင်ပေးတယ်၊ စာရွက်စာတမ်းတွေကို ကြည့်ပေးတယ်၊ ဘယ်လိုဆက်လုပ်ရမလဲဆိုတာကို အကြံပေးတယ်။ အဲဒါက အခမဲ့ပါ။ အဲဒီဝန်ဆောင်မှုမရှိရင် ဘာဖြစ်မလဲဆိုတာ မိမိတို့အားလုံးသိကြမှာပါ။ ပြဿနာတစ်ခုခုဖြစ်လာရင် လူတိုင်းတရားရုံးကို သွားရမယ်။ ရှေ့နေငှားရမယ်။ ဒါကြောင့် ပိုက်ဆံကုန်မယ်၊ အချိန်တွေကုန်မယ်။ ဒီနေရာမှာတော့ ရပ်ကွက်ထဲမှာပဲ ပြဿနာကို စဖြေရှင်းဖို့အတွက် ဆောင်ရွက်ပေးထားတယ်။ ဒါကြောင့် ဒီမှာ လူတိုင်းလက်လှမ်းမီနိုင်တဲ့၊ လူတိုင်းသုံးလို့ရတဲ့ ဥပဒေကာကွယ်မှုစနစ်တစ်ခု ရှိနေတယ်။

**ပြည်သူတွေရဲ့အသံကိုသိသောဌာန**

မြေညီထပ်မှာ ခန်းမတစ်ခုကို မြင်တွေ့ရတယ်။ အဲဒီခန်းမနံရံပေါ်မှာ အဲဒီရပ်ကွက်တစ်ခုလုံးရဲ့ မြေပုံကိုလည်း မြင်တွေ့ရတယ်။ အိမ်တိုင်းရဲ့အခြေအနေ ဘယ်သူတွေနေကြသလဲ၊ သက်ကြီးရွယ်အိုရှိလား၊ ကလေးငယ်ရှိလား၊ ဘယ်အိမ်မှာ ကျန်းမာရေးမကောင်းသူရှိသလဲ

စာမျက်နှာ ၁၇ သို့ ■

> **"တာဝန်ရှိသူတွေက စာကြည့်တိုက်ကို လိုက်လံပြသတယ်။ သာမန်စာကြည့်တိုက်ပါပဲ။ မတူတာက အထဲမှာကလေးတွေရှိတယ်။ လေ့လာသူတွေလာမှာမလို့ ဟန်ပြနေကြတာမျိုးမဟုတ်ဘဲ သူတို့ အေးအေးလူလူ စာဖတ်နေကြတာ။ စာဖတ်ရင်း တစ်ယောက်နဲ့တစ်ယောက်လည်း စစနောက်နောက် ရယ်ရယ်မောမော။ ပြီးတော့ စာဖတ်လိုက်၊ ကူးရေးလိုက်လုပ်နေတဲ့ ဆယ်ကျော်သက်တစ်ဦးကို တွေ့ရတယ်။ ကျောင်းရဲ့စာတမ်းအတွက် အချက်အလက်ကူးနေတာတဲ့။ မြင်လိုက်ရတာက စာကြည့်တိုက်မှာ စာအုပ်တွေချည်းမဟုတ်ဘူး။ လူတွေစုဝေးတဲ့နေရာ၊ သင်ယူတဲ့နေရာ၊ ကလေးတွေ အတူတူချိန်းပြီး စားမြုံ့ပြန်တဲ့နေရာလည်းဖြစ်တယ်ဆိုတာပါပဲ"**

> **"ဒီလိုမြင်ကွင်းတွေကနေ စဉ်းစားမိတာက အစိုးရရဲ့ ဝန်ဆောင်မှုတစ်ခုတည်းနဲ့ အုပ်ချုပ်မှုယန္တရားဟာ မပြည့်စုံနိုင်ဘူး။ ပြည်သူတွေရဲ့ယုံကြည်မှုနဲ့ ပူးပေါင်းပါဝင်မှု လိုအပ်တယ်၊ အဓိကကျတယ်ဆိုတာကိုပဲ။ နောက်ဆက်တွဲ မိမိတို့ ရပ်ကွက်တွေမှာရော ဒီလိုနေရာမျိုးတွေ ရှိသင့်တယ်လို့ တွေးမိပါရဲ့။ ကလေးတွေကျောင်းကအပြန် ဖုန်းကြည့်နေမယ့်အစား၊ အတူတူကစားနိုင်၊ သင်ယူနိုင်မယ့်နေရာ။ လူကြီးတွေအတွက် အိမ်ထဲမှာတစ်ယောက်တည်း အထီးကျန်နေမယ့်အစား ဝါသနာပါရာ အပန်းဖြေတာ၊ ဟင်းချက်တာ၊ ကခုန်တာ၊ စကားပြောတာ စသည်ဖြင့် စုစုရုံးရုံးနဲ့တိုင်ပင်ရာနေရာ။ ဒါတွေကို နိုင်ငံတော်က ပံ့ပိုးပေးထားသလို ပြည်သူကလည်း လိုလိုလားလားနဲ့ ပူးပေါင်းတဲ့အခါ အမှန်တကယ် ရုပ်လုံးပေါ်လာနိုင်တယ်ဆိုတာ သက်သေပြနေတာပါပဲ"**

■ စာမျက်နှာ ၁၆ မှ

ဒါတွေဟာ ရပ်ကွက်ရုံးရဲ့မှတ်စု ဒေတာစာရင်းမှာ ရှိနေတယ်။ ဒီလိုအချက်အလက်ကောက်ယူထားတာက လူတွေကို အကူအညီပေးဖို့သက်သက်ပဲ။ ဥပမာ အားဖြင့် မိုးကြီးရင် ရေဝင်နိုင်တဲ့ အိမ်တွေကို ကြိုသိနိုင်မယ်၊ ဆောင်းရာသီမှာ အပူပေးစက်ပျက်တတ်တဲ့ အိမ်တွေကို သိလို့ မပျက်ခင် သတိပေးကြိုပြင်ပေးတယ်။ ဒါကို သူတို့က ဂရစ်ဒ်စနစ်လို့ ခေါ်တယ်။ ရပ်ကွက်ကို သေးငယ်တဲ့ ယူနစ်တွေအဖြစ် ခွဲထားပြီး ယူနစ်တစ်ခုမှာ တာဝန်ခံဝန်ထမ်း တစ်ယောက်ထားတယ်။ အဲဒီဝန်ထမ်းက သူ့ယူနစ်ထဲက အိမ်တိုင်း၊ လူတိုင်းကိုသိတယ်။ သူတို့ရဲ့အခက်အခဲကိုသိတယ်။

မြေညီထပ်မှာ နောက်ထပ်တွေ့ခဲ့ရတာက မီးသတ်ဆေးဘူးတွေ၊ အရေးပေါ်ဆေးဝါးတွေနဲ့ အရေးပေါ်ကျန်းမာရေး သုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒါကတော့ အရေးပေါ် အခြေအနေအတွက် ရပ်ကွက်ရုံးမှာ အဆင်သင့်ထားရှိတဲ့အရာတွေပေ့ါ။ ထို့အတူပဲ နံရံပေါ်မှာ ရှေးဟောင်းပညာရှိတွေရဲ့ အဆိုအမိန့်နဲ့ ပန်းချီလက်ရာအချို့ကိုလည်း တွေ့ရတယ်။ တရုတ်ဘာသာနဲ့ဆိုတော့ အပြည့်အဝတော့ နားမလည်ပေမယ့် တရုတ်လူမျိုးတွေအတွက် ခွန်အားနဲ့ ဂုဏ်ယူရမယ့် စာပေတွေဆိုတာတော့ နားလည်လိုက်မိတယ်။

တာဝန်ရှိသူရဲ့ အနောက်ကနေလိုက်ပါနေတဲ့ အမျိုးသမီးငယ်တစ်ဦးကို စကားစပ်မိရင်း မေးကြည့်တော့ **"ကျွန်မက အလုပ်နောက်ကျလည်း စိတ်မပူဘူး။ ရပ်ကွက်ထဲမှာ လမ်းမီးတွေ အမြဲလင်းတယ်၊ လုံခြုံရေးဝန်ထမ်းတွေက အမြဲကင်းလှည့်ပေးတယ်၊ ကျွန်မအမေက ဆီးချိုရောဂါရှိတယ်၊ ရပ်ကွက်ဆေးခန်းက လစဉ်လာစစ်ပေးတယ်၊ ပိုက်ဆံပေးစရာမလိုဘူး"** တဲ့။ ဒါကိုကြားမိတော့ မိမိတို့ဆီမှာလည်း ဒီလိုမျိုးရပ်ကွက်အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုမျိုးရှိရင် ဘယ်လောက်ကောင်းမလဲတွေးမိတယ်။ အထူးသဖြင့်သက်ကြီးရွယ်အိုတွေနဲ့ နာတာရှည်ရောဂါသည်တွေ အတွက်ပေ့ါ။

ဒီလိုနဲ့ တစ်နာရီကျော်ကြာ လေ့လာပြီးတဲ့အခါ ရပ်ကွက်လေးကို နှုတ်ဆက်ထွက်ခွာခဲ့ချိန် စဉ်းစားစရာအတွေးစတို့ ကျန်ရစ်ခဲ့ပါတယ်။ အိုင်ကျန်း Community လို ရပ်ကွက်တွေ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ နည်းပညာနဲ့ အခြေခံအဆောက်အအုံတွေသာမက လူမှုဖွံ့ဖြိုးတိုးတက်ရေးနဲ့ အုပ်ချုပ်ရေးစနစ်ပြောင်းလဲမှုကို ပေါင်းစပ်ထားတဲ့ ရပ်ကွက်အုပ်ချုပ်ရေး Model တစ်ခုလို့ မှတ်ချက်ပြုလိုပါတယ်။ ပြည်သူနဲ့ အုပ်ချုပ်သူ အစိုးရအကြား ဆက်သွယ်မှုကို ပိုနီးစပ်စေတာကို မြင်တွေ့ရတယ်။ အဲဒီလို Smart Community တွေဟာ ဟာဘင်းမြို့သာမက တရုတ်နိုင်ငံဒေသအနှံ့အပြားမှာ မြင်တွေ့ခဲ့ရဖူးပါတယ်။ ပေကျင်းမြို့ကို ရောက်ရှိစဉ်ကလည်း ပေကျင်းအုပ်ချုပ်ရေးရုံးကို လေ့လာခွင့်ရခဲ့ပြီး ခေတ်မီပြီး အကျိုးများတဲ့ One Stop Service ကို မျက်ဝါးထင်ထင် မြင်ခွင့်ရဖူးတယ်။ အဲဒီလိုပဲ ရှန်ဟိုင်းမြို့မှာလည်း နိုင်ငံသားတွေသာမက နိုင်ငံခြားသားတွေပါ ရာနဲ့ချီနေထိုင်တဲ့ Smart အိမ်ရာတစ်ခုကို ရောက်ရှိလေ့လာခွင့်ရခဲ့ဖူးတယ်။

တရုတ်နိုင်ငံသားတွေ အခေါ်အရတော့ Grid အစီအစဉ်လို့ သိရပါတယ်။ ရပ်ကွက်တိုင်းမှာ ယူနစ်တွေခွဲပြီး ပြည်သူ့ဝန်ထမ်းတွေက တာဝန်ယူစောင့်ရှောက်တဲ့စနစ်ပါ။ ရလဒ်အနေနဲ့ ၂၀၂၅ ခုနှစ် ဟာဘင်းမြို့မှာရှိတဲ့ ၁၂၃၄၅ Hotline ကို နှစ်စဉ်တိုင်ကြားနေတဲ့ အိမ်ရာစီမံခန့်ခွဲမှုဆိုင်ရာ တိုင်ကြားစာတွေက ယခင်နှစ်တွေထက် ၂၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားပါသတဲ့။

**ရပ်ကွက်တစ်ခုရဲ့ အောင်မြင်မှုက ရုပ်ဝတ္ထုတိုးတက်မှုတစ်ခုတည်း မဟုတ်ပါဘူး။ လူသားဆန်မှုနဲ့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုက အဓိကကျပါတယ်။ မြို့ပြအုပ်ချုပ်ရေးဆိုတာ အပေါ်ကနေအောက်ကို အမိန့်တွေ၊ ညွှန်ကြားချက်တွေချပေးတာသက်သက် မဟုတ်ပါဘူး။ အောက်ခြေအထိ ဖြည့်ဆည်းထားပေးတဲ့ ပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုတွေကြောင့် အောင်မြင်မှုရလဒ်တွေမြင့်တက်လာပြီး ပြဿနာရပ်ဖ်တွေက လျော့ကျလာခဲ့တာပါ။ ဒါကို အိုင်ကျန်း Community မှာ မြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။ မိမိတို့ ရပ်ရွာတွေကိုလည်း အိုင်ကျန်း Community ကဲ့သို့ မြင်တွေ့ချင်လှပါပြီ၊ တူညီသောပန်းတိုင်ဆီကို ပြိုင်တူတွန်းကြပါစို့ ဟူ၍သာ။** ။



## ရမည်းသင်းမြို့နယ်၌ မွေးမြူရေးအသိပညာပေးခြင်းနှင့် ကျွဲ၊ နွား ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်

ရမည်းသင်း ဇွန် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ် အခြေခံမွေးမြူရေး အသိအညာပေးသင်တန်းကို ယမန်နေ့က သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ဖွင့်လှစ်ခဲ့သည်။

ထို့ပြင် ရမည်းသင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာစံလင်းထက်နှင့် ဝန်ထမ်းများက မေ ၃ ရက်မှ ဇွန် ၂၀ ရက်အထိ အင်ကြင်းကန်ကျေးရွာအုပ်စု၊ ထနောင်းကုန်းကျေးရွာအုပ်စု၊ ပုတီးကုန်းကျေးရွာအုပ်စု၊ ရွာတန်းကျေးရွာအုပ်စုတို့ရှိ မွေးမြူရေးတောင်သူများအား မွေးမြူရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် မျိုးကောင်း၊ မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် ရမည်းသင်းမြို့နယ်အတွင်း ကျွဲ၊ နွားကောင်ရေ ၁၈၀၀ ကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ရမည်းသင်း)**

## သာကေတမြို့နယ်၌ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်း ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်ပွဲကို ဇွန် ၂၂ ရက်က မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနိုင်က သမဝါယမ၏မူဝါဒများ၊ လုပ်ငန်းနှင့်ပတ်သက်သည်များ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက မြို့နယ်အတွင်း ဖွဲ့စည်းထားရှိသည့် အခြေခံသမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှကြည်က မြို့နယ်သမဝါယမအသင်းစုများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းဆရာ သုံးဦးတို့က အခြေခံစာရင်းရေး၊ စာရင်းကိုင်များကို ဇွန် ၂၂ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

မင်းလှ ဇွန် ၂၃

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်နှင့် မြို့နယ်အတွင်းရှိ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန်အတွက် ဇွန် ၂၃ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်ဟုန်မြှင့်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်



ပြုလုပ်ခြင်း၊ သောက်သုံးရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**




**✪ ထိုင်းနိုင်ငံမှ**

အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဇွန် ၁၉ ရက်တွင် အလုပ်သမားသံမှူးနှင့်အဖွဲ့သည် ကာယကံရှင် မြန်မာအလုပ်သမားနှင့်အတူ စမုစခွန်ခရိုင် လူမှုဖူလုံရေးရုံးသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နစ်နာကြောင်းတိုင်ကြားသူ ကာယကံရှင် မြန်မာအလုပ်သမားနှင့် အလုပ်သမားသံမှူးနှင့်အဖွဲ့အား စမုစခွန်ခရိုင် လူမှုဖူလုံရေးရုံး၌ တွေ့ရစဉ်။**

ထို့နောက် ဆရာဝန်ဆေးစာညွှန်ကြားချက်အရ ဆက်လက်နားနေရန်လိုအပ်ပါက အလုပ်မဆင်းနိုင်သည့်ကာလများအတွက် ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော လုပ်ခလစာများနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ထုတ်ပြန်ထားချက်အရ သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိရုံး (Call Center) 020030015၊ အလုပ်သမားသံမှူး (ဗန်ကောက်) 0618108454၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်) 0626890119၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) 0652206952၊ အလုပ်သမားသံအရာရှိ (မဲဆောက်) 0652206953၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) 0945866607 အလုပ်သမားသံအရာရှိ (ရနောင်း) 0634818121 စသည့်အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်းသိရသည်။ **MT**

**❖ လက်ရှိချန်ပီယံမှ**

အနိုင်ရရှိခဲ့ပြီး အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို အမ်ဘတ်ပီကနှစ်ဂိုး၊ ဒမ်ဘီလီကတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးအမ်ဘတ်ပီဟာ ပြင်သစ်အသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလား သွင်းဂိုး ၁၆ ဂိုးအထိရှိလာခဲ့ပြီး ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ဒုတိယမြောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ အီရတ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလား ၃၂ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ နော်ဝေအသင်းက ဆီနီဂေါအသင်းကို သုံးဂိုး-နှစ်ဂိုး၊ အယ်လ်ဂျီးရီးယားအသင်းက ဂျော်ဒန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**✧ မြန်မာမှ**

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရန်ကုန်စီးတီး အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိသည်။ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရတနာပုံအသင်းက နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ဝါရင့်တိုက်စစ်မှူး ဝင်းသီဟာထွန်းက ၁၆၊ ၅၃၊ ၉၀ မိနစ်တွင် ဟက်ထရစ်၊ ၁၇၊ ၅၁ မိနစ်တွင် မာရီယာ၊ ၈၄ မိနစ်တွင် ပင်မြင့်ယံတို့က သွင်းယူသည်။ ယခုပွဲအတွက်အကောင်းဆုံးကစားသမားဆု (AYA Pay Player of the Match)ဆုကို ရတနာပုံအသင်း တိုက်စစ်မှူး ဝင်းသီဟာထွန်းကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ်ငါးသိန်း ရရှိသည်။

ပွဲစဉ်(၂) နောက်ဆုံးနေ့ကို ဇွန် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - AYWDFC**

# တတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပ

**ပုသိမ် ဇွန် ၂၃**



တတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး၏ ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မြောင်းမြမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က အစည်းအဝေး နဝမနေ့တွင် တင်သွင်းခဲ့သည့် "နိုင်ငံခြားမှ ဝယ်လိုအား မြင့်နေသော မျှစ်ခြောက်နှင့်မျှစ်ပြုတ် ပိုမိုတင်ပို့နိုင်ရေးအတွက် ဝါးစိုက်ပျိုးမြေများ သတ်မှတ်နေရာပေးရေးနှင့် အစိုးရက ဝါးစိုက်ပျိုးရေးလုပ်ငန်းများအတွက် ဦးဆောင်လမ်းညွှန်ပေးရန်" အဆိုအား ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၏ ဆွေးနွေးမှုအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေး၍ တိုင်းဒေသကြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး တတိယအကြိမ် ရေဝတီတိုင်းဒေသကြီး လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၁ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းဇော်က အမှာစကားပြောကြားပြီး လူငယ်လက်ရွေးစင်အားကစားသမားများက သရုပ်ပြကစားခဲ့ကြသည်။ ထို့နောက် အမျိုးသား အမျိုးသမီး သက်တမ်းအလိုက်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကောင်းဇော်၊ တေးသံရှင် နီနီခင်ဇော်၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **အာကာ**



# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) ကျင်းပ




**စစ်တွေ ဇွန် ၂၃**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဇွန် ၁၉ ရက်တွင် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ အထက(ခွဲ) အလက(၂)တွင် အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ ဝေယံ(ပြန်/ဆက်)



# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**ဘားအံ ဇွန် ၂၃**



တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက ကြယ်ပွင့်ပြမေးခွန်းလေးခုကို မေးမြန်းပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မြဝတီမြို့နယ် လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးအေးမင်းထွေး၏ ပြည်တွင်း ခရီးစဉ်ဒေသနေရာများ သဘာဝအတိုင်း ထိန်းသိမ်းထားရှိနိုင်ရေးနှင့် ခရီးသွားများစည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများအား ထိန်းသိမ်း ကြပ်မတ်နိုင်ရေး တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ထောက်ခံဆွေးနွေးကြပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အဆိုကိုအတည်ပြုသည်။

ယင်းနောက် ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အဖွဲ့ဝင်တစ်ဦးက ယင်းဥပဒေကြမ်းအပေါ် မူလပြဋ္ဌာန်းချက်အချို့ကို ပြင်ဆင်ရန် တင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ပြင်ဆင်ချက်များအား အတည်ပြုခြင်းတို့ ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးရန် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခြင်းတို့ဆောင်ရွက်သည်။

ထို့နောက် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ စိစစ်ရေးကော်မတီတွင် ကော်မတီဝင်တစ်ဦး ထပ်မံဖြည့်စွက် တာဝန်ပေးအပ်ခြင်းနှင့် တိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဝင်တစ်ဦး ထပ်မံဖြည့်စွက် တာဝန်ပေးအပ်ခြင်းတို့ကို ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခြင်းကို ဆောင်ရွက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေး

**မိတ္ထီလာ ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားများအား ပေါင်ပုပ်လက်ပုပ်နှင့် ခွာနာလျှာနာရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးလျက်ရှိသည်။

ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ထွန်းက ကျေးလက်နေပြည်သူများအား တိရစ္ဆာန်မွေးမြူရာတွင် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ကူးစက်ရောဂါမကျရောက်စေရေး၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးနိုင်ရေးနှင့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များရရှိအောင် မေထုန်မဲ့နည်းဖြင့် သားစပ်နိုင်ရေး အသိပညာပေးဆွေးနွေးသည်။

ယင်းနောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအမ်ဇော်မိုင်နှင့် ဝန်ထမ်းများက ကျီးတော်ကုန်းရပ်ကွက်နှင့် ညောင်ပင်သာကျေးရွာတို့ရှိ ဒေသနွားနှင့် နို့စားနွားကောင်ရေ ၃၆၅ ကောင်အား ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၉/သားတက်)၊ မြေကွက်အမှတ်- (၆/ဃ၇/ဇ၇/စ)၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ ပေါက်တောဝ၊ ဖန်ချက်စက်လမ်းနှင့်ဆန်စက်လမ်းကြား၊ အမှတ်(၈၉၅)၊ R.C.C အခန်းတွဲ (Lift)ပါ၊ (၈)ထပ်ခွဲတိုက်ရှိ အခန်းအမှတ်-(၂၆၂/ဘီ)(၂လွှာ)(ပထမထပ်) တိုက်ခန်းနှင့်ယင်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဦးလှမင်းဦး [၁၂/ကမတ(နိုင်)၀၁၆၇၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းအထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းငြိမ်းစိုး(ဘ)ဦးငွေစိုး[၁၀/ပမန(နိုင်)၁၉၅၉၈၆]၊ ဒေါ်ဆောင်းနှင်းစိုး(ဘ)ဦးငွေစိုး [၁၀/ပမန (နိုင်) ၁၉၅၉၈၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင် (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၃၁/၂၄-၁-၂၀၁၉)**
**၀၉-၇၇၄၉၀၅၂၆၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅၅ သမိုင်း)၊ မြေကွက်အမှတ် (၃၃/က၂)၊ ဧရိယာ (၀.၂၃၆ ဧက)အကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉/က)၊ ဦးလွန်းမောင်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအောင်သော်[ISN-၀၆၁၃၆၀]အမည်ဖြင့် တည်ရှိလျက်ရှိပြီး အမည်ပေါက်ဖြစ်သူ ဦးအောင်သော်သည် (၉-၉-၁၉၉၅)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရီရီသည် (၁-၇-၂၀၁၉)ရက်နေ့တွင်လည်းကောင်း အသီးအသီး ကွယ်လွန်ခဲ့ကြပါသည်။ ယခုအခါ ကျန်ရှိသည့်သားသမီးနှင့် မြေးများဖြစ်ကြသော ၁။ ဒေါ်ထူးထူးအောင် [၁၂/မရက (နိုင်) ၀၅၁၈၇၁]၊ ၂။ ဦးမျိုးသော်[၁၂/မရက(နိုင်)၁၅၄၆၄၁]၊ ၃။ဒေါ်ဝေဝေအောင်[၁၂/မရက(နိုင်) ၀၅၈၃၉၂]၊ ၄။ ဒေါ်နွယ်နွယ်အောင်[၁၂/မရက(နိုင်)၀၅၉၄၃၄]၊ ၅။ ဒေါ်ချမ်းမြေ့မေသော်[၁၂/ဗဟန(နိုင်) ၁၀၈၉၄၀]တို့ (၅)ဦးမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၃၀၀၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သောင်ကြီးမြောက်/ရပ်ကွက်-၈၊ မြေကွက်အမှတ်- ၈၆/က ဟုခေါ်တွင်သော ဦးတင်မောင် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေဧရိယာ (၂၀x၆၀)ပေရှိ မြေကွက်အနက်မှ (၁၀x၆၀)ပေ (ခြေရင်းခြမ်း) မြေကွက်အား ဒေါ်အေးအေးဝင်းမှပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးစန်းနိုင်[၁၂/ကမတ(နိုင်)၀၀၄၈၂၄] ကိုင်ဆောင်သူက ဝယ်ယူရန်သဘောတူညီ ပြီး(၅-၆-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကျန်ငွေအား (၁၅-၂-၂၀၂၇)ရက်နေ့တွင် အရောင်းအဝယ် တန်ဖိုးကျန်ငွေများကို ပေးချေမည်ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါ ရှိသည့်နေ့မှစ၍ (၂)ပတ်အတွင်း မြေကွက်နှင့်ပတ်သက်၍ တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးစန်းနိုင်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းနိုင်(ဘ) ဦးသိန်းမြင့်**
**[၁၂/ကမတ(နိုင်) ၀၀၄၈၂၄]**
**အမှတ်(၈၉/က+ခ)၊ နံ့သာဖြူလမ်း၊ ၁၄-ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။**
**ဖုန်း - ၀၉- ၇၉၅၅၈၁၉၁၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၂

Ray Htun (ခ)ဦးရေထွန်း နှင့် ဒေါ်လှအေးခင်
**(တရားလို)** **(တရားပြိုင်)**

အမှတ်(ဇ/၁၂၅)၊ ကန်ဦးကျောင်းလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနေ ဒေါ်လှအေးခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၉)ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်)နေ့ နေမွန်း မတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းမောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၁၉)၊ တတိယထပ်(၄လွှာ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၇ ၁/၂ /၃၅x၅၀)ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသော အရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နုနုဆွေ [၁၂/သကတ (နိုင်) ၀၉၉၂၉၈]က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.GP, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ် - ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၅၁၄၃၅၈၃၊ ၀၉- ၇၉၅၉၁၉၈၄၅**

**ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၂၀)ရပ်ကွက်၊ ပြည်ထောင်စု(၁)လမ်း၊ အမှတ်(၂၃၅) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၂၀)၊လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်-(၂၃၅)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် အဆောက်အဦအပါအဝင်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြေစာရင်းမှတ်တမ်းတွင်ဒေါ်သီတာချို [၁၂/သဃက(နိုင်) ၀၃၂၆၅၄]၏ အမည်ဖြင့် မှတ်သားတည်ရှိပြီးအဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိအမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၀၇)**
**အမှတ်(၂၄/အေ)၊ ပြည်ရိပ်မွန်လမ်းသွယ်၊ (၈)ရပ်ကွက်၊ ဝဂ္ဂီအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၇၀၄၉**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံဒင်း၊ (၂၀/၄၆) ရပ်ကွက်၊ ဇလွန်လမ်း၊ အိမ်အမှတ်(၂၇၀)၊ (၁၀ပေx ၆၀ပေ) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ခံတစ်ထပ်အိမ်အား ဆက်စပ်စာချုပ်နှင့် ပိုင်ဆိုင်သူ ဦးဝင်းမောင် [၁၂/ဒလန(နိုင်)၀၃၅၄၁၀]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းပိုင်သူ [၁၂/ရပသ(နိုင်)၀၅၉၃၇၉]မှ ၎င်းအိမ်ခြံမြေကွက်အား ဝယ်ယူလိုသဖြင့် (၂၃-၅-၂၀၂၆)ရက်နေ့တွင် အိမ်ခြံမြေအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးလည်းဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဌာနဆိုင်ရာအသီးသီး၌ ဦးဝင်းပိုင်သူ မသိရှိဘဲပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းပိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီမွှေသီမွှေအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၁၈၆) (၂၇-၁-၂၀၂၁)**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၅၅၇၂၅၃၀၉**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နေခြည်လွင် [၁၀/ဘလန(နိုင်)၁၁၃၆၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာခြင်း-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နေခြည် လွင်သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/ဘီ)၊ လူနေရပ်ကွက်အမှတ် (ကုန်းတလပေါင်စံပြကျေးရွာ)၊ မြေကွက်အမှတ် (၈၇/၇၉)၊ အကျယ်အဝန်း (၈.၆၅)ဧက (၃၄၆၀၀၀) စတုရန်းပေရှိ ရွာမြေအမျိုး အစား မြေကွက်ပေါ်ရှိ အမှတ်(၇၀/A၊ ၇၀/B၊ ၇၀/C) ရွှေစေတီလမ်း၊ ကုန်းတလပေါင် စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ ခွဲစိတ်၍ အကွက်ဖော်ဆောင်ထားသော အကွက်အမှတ်(၁၂၉)၊ အကျယ်အဝန်းပေ(၂၀x၆၀)မှာ မူလပိုင်ရှင်ဖြစ်သော ဦးထွန်းထွန်းနိုင်ထံမှ စာချုပ်အဆက်ဆက်များနှင့် ဝယ်ယူလက်ဝယ်ထားရှိပြီး မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင် ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းအစရှိသည့် တစ်စုံ တစ်ရာမပြုလုပ်ရန် အများသိစေရန်ထပ်ဆင့်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင့်တင့်ခိုင် (LL.B, DBL, DIL,CBL) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၅၃)**
**ဖုန်း- ၀၉-၄၂၀၀၃၂၇၂၂၊ ၀၉-၇၉၃၀၃၂၇၂၂**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်နေ ဦးမောင်မောင်စိုး [၁၂/ဒလန(နိုင်)၀၈၉၂၉၁]၊ ဒေါ်ခင်ခင်ဝင်း [၁၂/ဒလန(နိုင်)၀၈၈၆၂၆]တို့၏သား မောင်အာကာမင်းသည် မိဘ၏ဆုံးမသွန်သင်မှုကို လိုက်နာမှုမရှိသည့်အပြင် မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ကြော်ငြာသည့်နေ့ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမောင်မောင်စိုး [၁၂/ဒလန(နိုင်)၀၈၉၂၉၁]**
**ဒေါ်ခင်ခင်ဝင်း [၁၂/ဒလန(နိုင်)၀၈၈၆၂၆]**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အထက ရွှေကြက်ယက်ကျောင်း G- 7 မှ မခွန်းရတီသွန်းနှင့် ငွေရတီသွန်း တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးထူး[၇/ရတရ(နိုင်)၁၂၇၅၇၄] ဖြစ်ပါကြောင်း။

**ဦးဖိုးထူး**
**[၇/ရတရ(နိုင်)၁၂၇၅၇၄]**

## ဖခင်အမည်မှန်

ဒလမြို့အထက-ပျော်ဘွယ်ကြီးကျောင်း G-12တွင် ပညာသင်ကြားနေသော မောင်ကျော်ကျော်ဟန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း [၁၂/တတန (နိုင်) ၁၄၃၀၄၃] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(အံဒင်) Grade(9) မှ မောင်ဖြိုးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့် [၁၀/ရမန(နိုင်)၁၆၃၄၁၇] ဖြစ်ပါကြောင်း။

**ဦးထွန်းမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သောင်ကြီးမြောက်(၅)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ ဘားအံလမ်း၊ မြေကွက်အမှတ်(၅၆-က)၊ (၂၀x၆၀)ပေအကျယ်ရှိ ဦးတင်မောင်ဝင်း (HLG-၀၀၇၂၉၃) အမည်ပေါက်မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးလွင်ဦး(ခ)မနိုချ် [၁၂/လမန(နိုင်) ၁၂၈၅၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမောင်မောင် [၁၂/ဥကတ(နိုင်) ၁၃၅၇၁၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB)** **ဒေါ်ယုဇနကို(LL.B, DBL,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၆-၂၀၂၆ရက်နေ့ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၄)တွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်ထက်ကျော်၏ အများသိစေရန် ကြေညာခြင်းတွင် မဥ္ဇူ (၁၅)လမ်းအစား မဥ္ဇူ (၁၈)လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၅-၂၀၂၆ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃)၌ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်သော်သော်မင်းသူ အများသိစေရန်ကြေညာခြင်းတွင် အိခိုင်မျိုးမြတ် [၁၂/မဂဒ(နိုင်)၁၉၄၉၃၃] အစား အိခိုင်ဖြိုးမြတ် [၁၂/မဂဒ(နိုင်) ၁၉၄၉၃၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတား မြို့နယ်၊ ၃၇လမ်းနေ အဖ ဦးဝင်းကိုကိုလှ [၁၂/ဒဂန(နိုင်)၀၃၂၈၅၇]၏ သား မောင်မြတ်ဟိန်းထက်ဦးအား မောင်ဟိန်းထက်မြတ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/မာန်ပြေ၊ မြေကွက်အမှတ်- ၂၅၈/က၊ ဧရိယာ (၂၀/၁၉ပေx၆၀ပေ)၊ မြေကွက်တည်နေရာ အမှတ် (၂၅၈/က)၊ မာန်ပြေ (၆) လမ်း အနောက်၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှမြင့် (AC-၀၀၈၁၄၂) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၉၈၈/၂၀၂၆ (၉-၂-၂၀၂၆)ဖြင့် ပိုင်ဆိုင်သူများဖြစ်သော ဒေါ်စန်းစန်းမြင့် [၁၂/သကတ(နိုင်) ၀၄၄၂၉၄]၊ ဦးသိန်းဝင်း [၁၂/သကတ (နိုင်) ၁၁၇၈၀၀]၊ ဒေါ်ခင်ခင်နွဲ့ [၁၂/သကတ(နိုင်) ၀၃၄၁၇၃]၊ ဒေါ်ပြုံးပြုံး [၁၂/သကတ (နိုင်) ၁၈၇၆၆၃]တို့မှ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ မိမိတို့၏နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်(၆၀) ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သာကေတမြို့မရဲစခန်း၊ ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ပိုင်ဆိုင်စာချုပ်တို့တင်ပြ၍ ဂရန်မိတ္တူမှန် လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (A-၈လမ်း)၊ တိုက်အမှတ်(၃)၊ အခန်း(၀၀၂)၊ မြေညီထပ်၊ အကျယ်အဝန်း (၂၀x၃၀)ပေ၊ အရှေ့မြေပို (၁၅)ပေရှိတိုက်ခန်းနှင့် ရေ/မီးအစုံအပါအဝင် တိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးစိုးမင်းနိုင်[၁၁/အမန(နိုင်) ၀၅၂၅၉၉] ဆိုသူထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာဝင်း** **ဦးစိုးအောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၂၂၉၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၁၄)**
**အမှတ်(၁၆၀)၊ ၄ဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၁-၂၂၃၇၉၆၊ ၀၉-၂၅၄၀၆၁၄၆၉၊**
**၀၉-၇၉၁၉၄၇၁၂၉၊ ၀၉-၄၄၃၀၀၂၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂၃) ရပ်ကွက်၊ မြခွာညို (၁)လမ်း၊ အိမ်အမှတ် (၁၂၂)ရှိ (၁၀x၆၀)ပေ ဒေါ်ကြည်ကြည်ဇင် အမည်ပေါက် ပါမစ်မြေ နှင့် အဆောက်အဦအပါအဝင် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုနှင့်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်အိအိထွေး [၁၂/ဥကတ(နိုင်) ၁၅၆၁၅၄]နှင့် ဦးကျော်ကျော်အောင် [၁၂/ဥကတ(နိုင်) ၀၈၉၆၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းဝင်း [၇/ရတန(နိုင်)၆၉၃၄၅၃] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်စာချုပ်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်မင်းသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၁၄၅)**
**အမှတ်(၆၂)၊ ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၂၂၀၁၆၉၃**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
## မော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၆

ကွယ်လွန်သူ ဦးစန်းလင်းဦး၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

၁။ ဒေါ်ဝါဝါခိုင် လျှောက်ထားသူများ
၂။ ဦးဟိန်းမင်းထွေး

တောင်ပို့တရာကျေးရွာ၊ သန္တေပင်ကျေးရွာအုပ်စု၊ မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစန်းလင်းဦး ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ် ၊ ဇွန်လ ၃၀ ရက်နေ့၊ (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်နေ့)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစန်းလင်းဦး၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်နေ့)နံနက် (၁၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချလိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မော်ဘီခရိုင်တရားရုံး**

**WEIJIE (MYANMAR) CLOTHING COMPANY LIMITED**

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂

## (မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၃၅၀ တို့အရ ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း)

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **"WEIJIE (MYANMAR) CLOTHING COMPANY LIMITED"** အား ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် **U SHIN NYEIN (103594)** အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ၉ လ၊ ၂၃ ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| | |
|---|---|
| **MR.QIN YANG** | **U SHIN NYEIN** |
| **DIRECTOR** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **WEIJIE (MYANMAR) CLOTHING COMPANY LIMITED** | **(103594) (ဖျက်သိမ်းဆဲ)** |
| | **WEIJIE (MYANMAR) CLOTHING COMPANY LIMITED** |

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၃၈)၊ ဦးပိုင်အမှတ်(၂၄–က)၊ ၁၆လမ်း၊ ၈၁x၂၈လမ်းကြားရှိ ဦးချို၊ ဒေါ်နီနီ၊ ဦးဘိုဘို အမည်ပေါက် ဘိုးဘမြေကွက်အား ဦးချို(လူပျို၊ဘ၀)၊ ဇနီးဒေါ်နီနီတို့ ကွယ်လွန်၍ ကျန်ရစ်သူခင်ပွန်းနှင့် ကျန်ပူးတွဲအမည်ပေါက်သူဖြစ်သော ဦးဘိုဘို[၉/မနမ(နိုင်)၀၉၇၉၂၉]၊ ဦးချစ်မိုး[၉/ မနမ(နိုင်)၀၄၂၆၁၇]တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ဦးပိုင်အမှတ်(၃၄)၊ ၁၂x၁၃ကြား၊ ၈၁x ၈၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဘန်စီလား(ခ)ဦးတင်မောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဒဆိုဒါ(ခ)ဒါဆိုဒါ[၉/မနမ(နိုင်)၀၈၂၇၄၆]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၂၂–ခ)၊ ၁၃x၁၄လမ်းကြား၊ ၈၀x ၈၁လမ်းကြားရှိ ဦးရာဂျူး(ခ) ဦးမင်းမင်းထွေး၊ ဇနီး ဒေါ်မကျန်းသားအမည်ပေါက် ဘိုးဘမြေကွက်အား အမည်ပေါက်သူ မိဘများမှ ဒေါ်နီလာထွေး၊ ဒေါ်သီတာထွေး၊ ဦးနေမင်းထွေးတို့အား မွေးဖွားခဲ့ပြီး ဖခင် ဦးရာဂျူး(ခ)မင်းမင်းထွေး၊ မိခင် ဒေါ်မကျန်းသားတို့ကွယ်လွန်၍ ဟိန္ဒူမြလေ့ထုံးတမ်း ဥပဒေအရ တစ်ဦးတည်းသောသားဖြစ်သူ ဦးနေမင်းထွေး[၉/မနမ(နိုင်)၁၂၃၈၁၀]က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၀)၊ ဦးပိုင်အမှတ်(၃–လ)၊ ၉၀x၉၁လမ်းကြား၊ ၃၄x ၃၅လမ်းကြားရှိ ဒေါ်စန်းစန်းကြွယ် အမည်ပေါက် ဘိုးဘမြေကွက်အား မွေးစားဖခင် ဦးမောင်ပို(ခ) ဦးညိုဝင်းအောင်၊ မွေးစားမိခင် ဒေါ်စန်းစန်းကြွယ် တို့ကွယ်လွန်၍ ဒေါ်စန်းစန်းကြွယ်ထံမှ ကိတ္တိမမွေးစားစာချုပ်အမှတ်(၁၀/၂၀၂၀)ဖြင့် မွေးစားခံခဲ့သော ကျန်ရစ်သောမွေးစားသမီးဖြစ်သူ ဒေါ်စိုးစိုးဝင်း[၉/ မမန(နိုင်)၀၉၀၉၈၈]က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)၊ ဦးပိုင်အမှတ်(၃၄)၊ ၂၈x၂၉ကြား၊ ၇၁x ၇၂လမ်းကြားရှိ ဘိုးဘမြေကွက်အားအမည်ပေါက်သူ ခင်ပွန်းဦးဖိုးလုံး(ခ)ဦးဘိုးလုံး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စိန်[၈/ ပခက(နိုင်)၀၂၄၆၀၃]က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**HENG NUO (MYANMAR) TEXTILE CO., LTD.**

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂

## (မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၃၅၀ တို့အရ ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း)

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **"HENG NUO (MYANMAR) TEXTILE CO., LTD."** အား ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် **U SHIN NYEIN (103594)**အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ၉ လ၊ ၂၃ ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်–

| | |
|---|---|
| **BAO GONGMING** | **U SHIN NYEIN** |
| **DIRECTOR** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **HENG NUO (MYANMAR) TEXTILE** | **(103594)** |
| | **(ဖျက်သိမ်းဆဲ)** |
| | **HENG NUO (MYANMAR) TEXTILE CO., LTD.** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ အမှတ် (၉) ရပ်ကွက်၊ မြို့မအုပ်စု၊ ကွင်းအမှတ်– ၁၁၊ အကွက် အမှတ်– ဘူတာရုံ၊ ဦးပိုင်အမှတ်– ၄၂၊ ဧရိယာ (၀. ၁၇၄)ဧကရှိ နှစ် (၃၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းဆင့်နှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၇၆၄၅)**
**အမှတ်–၈၅၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၀၉–၅၀၂၁၂၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်(ည)၊ မြေကွက်အမှတ်–၁၁၂၆(ခ)၊ ရော(၂၀)လမ်း၊ အမည်ပေါက်ဂရန်မြေအား အစိတ်အပိုင်း အလျား(၁၀)ပေxအနံ(၆၀)ပေကို ဦးမိုးဇော်မြင့်[၁၂/ဥကမ(နိုင်)၁၇၁၅၂၉]မှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားပြီး ဦးမိုးဇော်မြင့်ထံမှ ကျွန်တော် ဦးဇော်မြင့်မြတ်[၅/စကန(နိုင်)၂၁၆၀၄၅]က ဝယ်ယူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မြင့်မြတ်**
**ဖုန်း–၀၉–၂၅၈၄၂၄၉၆၂**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်–၁၄၅ အဆောက်အဦ၏ (၈)လွှာ (ယာ)တိုက်ခန်းအား ဦးဝင်းမြင့်မော်နှင့် ဒေါ်မိုးမိုးလှိုင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိလျှင် ဆက်လက်ငွေချေအရောင်းအဝယ် ပြုလုပ်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူရ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသဲခိုင်**
**အထက်တန်းရှေ့နေ (စဉ်–၄၁၃၅၃)**
**အမှတ်(၁၄၀)၊ ဒုတိယထပ်၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၀၃၄၇၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄စီ၁(S–၆၈)၊ မြေကွက်အမှတ် ၉၀၊ (၀.၀၄၄)ဧက၊ မြေကွက်တည်နေရာအမှတ်–၂၀၊ မြို့သစ်(၂)လမ်း၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်ခင်ဝင်း[၁၂/ဗဟန(နိုင်)၀၃၁၀၉၇]၊ ဒေါ်ကြည်ကြည်ဝင်း[၁၂/ဗဟန(နိုင်)၀၃၁၀၃၅]၊ ဒေါ်ခိုင်ခိုင်ဝင်း[၁၂/ဗဟန(နိုင်)၀၁၄၃၃၁]၊ ဒေါ်ဆွေဆွေဝင်း[၁၂/ဗဟန(နိုင်)၀၁၄၂၃၃]၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် (၄)ဦးအနက် အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ခင်ဝင်းသည်(၂၈–၁၂–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ[၁၂/မဂဒ(နိုင်)၀၈၄၉၈၃]မှ မိမိမှလွဲ၍ အခြားခင်ပွန်းမရှိပါကြောင်း မိမိတစ်ဦးတည်းသာလျှင် ခင်ပွန်းအဖြစ် ကျန်ရစ်ပါကြောင်း၊ မိမိ ဇနီးခံစားခွင့်ရှိသောအစုအဖို့ကာ အကျိုးခံစားခွင့်ရှိသည်ဖြစ်၍ ဒေါ်ခင်ဝင်း၏ညီမများဖြစ်ကြသော ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဒေါ်ဆွေဆွေဝင်းတို့နှင့်အတူ ပူးတွဲ အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း (၃–၄–၂၀၂၆)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမှားပြင်ဆင်ခြင်းစာချုပ်တို့ကိုတင်ပြ၍ ကျန်ပူးတွဲ အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်း[၁၂/ဗဟန(နိုင်)၀၃၁၀၃၅]၊ ဒေါ်ခိုင်ခိုင်ဝင်း[၁၂/ဗဟန(နိုင်)၀၁၄၃၃၁]၊ ဒေါ်ဆွေဆွေဝင်း[၁၂/ဗဟန(နိုင်)၀၁၄၂၃၃]တို့နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ **Website Home Page** ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် **(e–Registration Button)** မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် **(TIN)** လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန် ကြေညာလွှာ တင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည် ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် –

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက် တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့်ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် **(e–Filing Management System)** ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် **Account Registration** ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဗီဒီယိုဖိုင် **(User Guide Video Files)** များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် –

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည် ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင် လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည် ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန် ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏ လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (အင်္ဂါနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် –

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် –

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်–၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်–၀၂–၄၀၃၀၁၃၉၂၊ ၀၂–၄၀၃၀၆၃၇၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထိုင်းနိုင်ငံလုပ်ငန်းခွင်အတွင်း အက်စစ်ဖျန်းမိ၍ ထိခိုက်ဒဏ်ရာရခဲ့သည့် မြန်မာအလုပ်သမားအား ဥပဒေပါအကျိုးခံစားခွင့်များရရှိရန် အလုပ်သမားသံမှူး သွားရောက်ညှိနှိုင်း

ရန်ကုန် ဇွန် ၂၃

ထိုင်းနိုင်ငံလုပ်ငန်းခွင်အတွင်း မတော်တဆ အက်စစ်ဖျန်းမိ၍ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြန်မာအလုပ်သမားတစ်ဦးအား ဥပဒေပါအကျိုးခံစားခွင့်များရရှိစေရေး အလုပ်သမားသံမှူးက သွားရောက်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ စမုစခွန်ရှိ လုပ်ငန်းခွင်တစ်ခု၌ အလုပ်လုပ်ကိုင်နေစဉ် မတော်တဆ အက်စစ်ဖျန်းမိ၍ ခန္ဓာကိုယ်နှင့် မျက်လုံးတို့တွင် ပြင်းထန်ဒဏ်ရာများရရှိခဲ့သည့် မြန်မာအလုပ်သမား ဦးစောကြည်လင်းသည် ဆေးဝါးကုသမှုခံယူခဲ့ရပြီးနောက် ဒဏ်ရာဝေဒနာ ဆက်လက်ခံစားနေရသဖြင့် လုပ်ငန်းခွင်ပြန်ဝင်ရန် အခက်အခဲရှိနေစဉ် အလုပ်ရှင်ဘက်မှ အလုပ်ဆင်းမှသာ လုပ်ခလစာပေးမည်ဆိုသဖြင့် လူမှုဖူလုံရေးရုံးသို့ သွားရောက်တိုင်ကြားခဲ့ကြောင်း စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❂



ရောဝတီအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဝိုင်းမော်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအား ပရီမီယမ်ဒီဇယ်စက်သုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

မြစ်ကြီးနား ဇွန် ၂၃

ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ဝိုင်းမော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ ၂၀၂၆ ခုနှစ် မိုးစပါးစိုက်တောင်သူများထံ စိုက်ပျိုးချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး ပရီမီယမ်ဒီဇယ်စက်သုံးဆီများကို ပြင်ပပေါက်ဈေးထက် ပိုမိုသက်သာသော နှုန်းထားဖြင့် ယနေ့နံနက်ပိုင်းက စတင်၍ ဝိုင်းမော်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် သုံးနေရာတွင် ရောင်းချပေးလျက်ရှိသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒



## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရောဝတီအသင်း နိုင်ပွဲဆက်ပြီး ရတနာပုံအသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ဇွန် ၂၃ ရက်က ကျင်းပရာ လက်ရှိချန်ပီယံ ရောဝတီအသင်းနိုင်ပွဲဆက်ပြီး ရတနာပုံအသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

ပုသိမ်မြို့ ကိုးသိန်းကွင်း၌ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရောဝတီအသင်းက Young Lionesses အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရောဝတီအသင်းသည် အိမ်ကွင်း ပထမဆုံးပွဲအဖြစ် ကိုးသိန်းကွင်း၌ လက်ခံကစားခြင်းဖြစ်ပြီး ပရိသတ်အများအပြား လာရောက်အားပေးနိုင်သလို နိုင်ပွဲလည်းရယူနိုင်ခဲ့သည်။ စန်းသော်သော်၊ နော်ထက်ထက်ဝေ၊ ပြည်ပကစားသမားများဖြင့် လူစုံလာသည့်ရောဝတီအသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၇ မိနစ်တွင် အူဘေး၊ ၄၀၊ ၇၆ မိနစ်တွင် စန်းသော်သော်တို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု(AYA Pay Player of the Match) ဆုကို ရောဝတီအသင်းမှ စန်းသော်သော်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ✧

## လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလား (၃၂) သင်းအဆင့်တက်လှမ်း တိုက်စစ်မှူးမက်ဆီ ကမ္ဘာ့ဖလားပြိုင်ပွဲ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဂျင်တီးနားအသင်းနဲ့ ဩစတြီးယားအသင်းတို့ပွဲစဉ်မှာ အာဂျင်တီးနားအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး ကမ္ဘာ့ဖလား (၃၂) သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူးမက်ဆီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီဟာ အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုးစုစုပေါင်း ၁၈ ဂိုးအထိ ရှိသွားပြီဖြစ်တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

အခြားသော ကမ္ဘာ့ဖလားအုပ်စုအဆင့်ပွဲစဉ်တွေထဲမှာ ပြင်သစ်အသင်းက အီရတ်အသင်းကို သုံးဂိုးပြတ်ဖြင့် စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖



အာဂျင်တီးနားအသင်းနှင့် ဩစတြီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

### ယနေ့ ဖတ်စရာ


တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ — လွှတ်တော် စာမျက်နှာ » ၇

ထိုင်းနိုင်ငံရှိ ပြည်သူ့ကျန်းမာရေးအဆောက်အအုံများတွင် ဆိုလာလျှပ်စစ်စနစ် သုံးစွဲဆောင်ရွက်မည် — နိုင်ငံတကာ စာမျက်နှာ » ၁၃

ကလေးမြို့နယ်၌ ငွေကျပ်သိန်း ၈၈၀၀ တန်ဖိုးရှိ ဘိန်းဖြူများနှင့် လားရှိုးမြို့နယ်၌ ငွေကျပ်သိန်း ၃၆၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ — စာမျက်နှာ » ၁၄

မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုတာ ရုပ်ဝတ္ထုသက်သက်သာမက ပြည်သူစိတ်နှလုံး လုံခြုံမှုအထိအရေးပါ — ဆောင်းပါး စာမျက်နှာ » ၁၆